# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၂၀)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း ၁၃ ရက်၊ ၃၀-၃-၂၀၂၆၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရန်ကုန်-နေပြည်တော်-မန္တလေး ရထားလမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းနှင့် ရန်ကုန်-ပြည် ရထားလမ်းပိုင်းများရှိ လူစီးအမြန်ရထားများတွင် ရထားစင်းရေများနှင့် ရထားတွဲများ တိုးချဲ့ချိတ်ဆက်ပြေးဆွဲ၊ ခရီးသွားပြည်သူများ ရထားစီးနင်းမှုများပြား

နေပြည်တော် မတ် ၂၉

နိုင်ငံတော်ယာဉ်ယာဉ်သမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရထားစင်းရေများတိုးချဲ့ပြေးဆွဲပေးခြင်း၊ လက်ရှိပြေးဆွဲနေသော ရထားများတွင် ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများကို မတ် ၂၆ ရက်မှစ၍ ဆောင်ရွက်ပေးခဲ့ရာ ရထားစီးခရီးသွားပြည်သူများ ရထားစီးနင်းမှု များပြားလျက်ရှိသည်။

ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်း၌ လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများဖြစ်သည့် အမှတ်(၃၁)အဆန်၊ အမှတ်(၃၂)အစုန်၊ အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန်ရထားများအား ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ စီးနင်းမှုများပြားလာသည့်အတွက် အမှတ်(၃၃)အဆန်၊ အမှတ်(၃၄)အစုန် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများကို ထပ်မံတိုးချဲ့ပြေးဆွဲပေးခဲ့သည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထားများ၌လည်း ခရီးသည်စီးနင်းမှုများပြားလာသည့်အတွက်

စာမျက်နှာ ၃ သို့ ☆



မြန်မာ့မီးရထားဖြင့် ခရီးသွားကြသူများကို တွေ့ရစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၂၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၂၉

| | | |
|---|---|---|
| မင်းဘူး | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၁ ဒသမ သုည | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၀ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၀ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၄၀ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၄၀ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၀ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |

၂၀၂၆ ခုနှစ်၊ မတ် ၂၀ ရက်၊ တနင်္လာနေ့။

# နှစ်သက်ဖွယ်ကောင်းသော စိတ်ထားဖြူစင်ခြင်း

လူတစ်ယောက်၏ ကောင်းမှု၊ မကောင်းမှု၊ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ မြင့်မားမှု၊ နိမ့်ကျမှုတို့တွင် စိတ်သည် အခရာကျလှသည်။ မိမိ၏ ကောင်းကျိုး၊ ဆိုးကျိုးကိုသာမက လောက၏ ကောင်းကျိုး၊ ဆိုးကျိုးကို ဖန်တီးနိုင်သော စိတ်ကို ကောင်းစွာ ထိန်းကျောင်းသင့်လှသည်။ စိတ်ထားဖြူစင်မြင့်မြတ်ခြင်းသည် လူ့ဘောင်လောကတွင် လိုလားနှစ်သက်ဖွယ်ကောင်းလှသည်။ စိတ်ထားဖြူစင်ခြင်းဆိုသည်မှာ မကောင်းသော စိတ်ညစ်၊ စိတ်ဆိုးမရှိခြင်း၊ သူတစ်ပါးအပေါ် နားလည်သည်းခံခြင်း၊ သူတစ်ပါးအကျိုးကို လိုလားဆောင်ကြဉ်းလိုခြင်း စသောသဘောများ ကိန်းအောင်းနေလေ့ရှိသည်။

စိတ်ထားဖြူစင်သူကို မည်သူမဆို ချစ်ကျွမ်းဝင်လိုကြသည်။ လေးစားပြီး တန်ဖိုးထားကာ ကြည်ညိုကြသည်။ စိတ်ထားဖြူစင်သူသည် လောက၊ ပတ်ဝန်းကျင်ကောင်းကျိုးကို ဆောင်ရွက်နိုင်ကြသူများလည်းဖြစ်သည်။ စိတ်ထားမကောင်းမွန်ခြင်းသည် မိမိအကျိုးအတ္တကိုသာကြည့်ခြင်း၊ မာနထောင်လွှားခြင်း၊ ရန်လိုဒေါသရှိခြင်း၊ မနာလိုဝန်တိုခြင်း၊ အသိပညာမဲ့ခြင်းတို့အပေါ် မူတည်နေမည်ဖြစ်သည်။ စိတ်ထားယုတ်ညံ့သူသည် မိမိသည် စိတ်ထားကောင်းကြောင်း၊ အခြားသူများအပေါ် စာနာသနားကြောင်း မည်မျှဟန်ဆောင်ထားစေကာမူ သူ၏မျက်နှာ၊ သူ၏မျက်လုံးများက သူ၏စိတ်အမှန်ကို ဖော်ပြနေတတ်သည်။ ကြာရှည်စွာ ဟန်ဆောင်၍ မရသောကြောင့် သူ၏ စိတ်ဓာတ်အမှန်သည် မကြာခင်ပေါ်ရသည်သာဖြစ်သည်။ ထို့ကြောင့် စိတ်ထားယုတ်ညံ့သူသည် တဖြည်းဖြည်း အထီးကျန်ကာ ပတ်ဝန်းကျင်၏ ချစ်ခင်ယုံကြည်မှု၊ ကူညီထောက်ပံ့မှုတို့ကို မရနိုင်တော့ဘဲ မိမိ၏ အကျိုးဆုတ်ယုတ်ရလေသည်။

ထို့ပြင် လူတိုင်းအတွက် သည်းခံခြင်းဟူသည် စိတ်ကို ချုပ်တည်းကာ ကြံ့ကြံ့ခံခြင်းကို ဆိုလိုသည်။ လူတချို့က အလိုဆန္ဒပြင်းပြသောအခါ လောဘစိတ်ဖြစ်တတ်ကြသည်။အလိုဆန္ဒမပြည့်သောအခါ ဒေါသစိတ်ဖြစ်တတ်ကြသည်။ ပစ္စည်း၊ ဥစ္စာ၊ ပညာတို့ပြည့်စုံသည်ဟု ထင်ကြသောအခါ မာန်မာနစိတ်ဖြစ်ကြသည်။ လောဘစိတ်၊ ဒေါသစိတ်၊ မာနစိတ်များသည် မိမိသာမက မိမိပတ်ဝန်းကျင်ပါ ပူလောင်ပျက်စီးစေတတ်သည်။ ထိုသို့မိမိနှင့် မိမိပတ်ဝန်းကျင်ကို ကောင်းကျိုးမပေးသည့် လောဘစိတ်၊ ဒေါသစိတ်၊ မာနစိတ်များကို တတ်နိုင်သမျှ ထိန်းချုပ်သင့်သည်။ ထိုအရာများအား ထိန်းချုပ်နိုင်သောသူသည် မိမိစိတ်ကို အောင်နိုင်သူဖြစ်ပြီး သည်းခံစိတ်ထားနိုင်သူလည်းဖြစ်သည်။ လူဟူ၍ဖြစ်လာပါက တစ်ဦးတစ်ယောက်ထဲနေထိုင်၍ မရပါ။ ပတ်ဝန်းကျင်နှင့် ဆက်ဆံမှုပြုရသည်။ ပတ်ဝန်းကျင်နှင့်ဆက်ဆံရာတွင် အဆင်ပြေစေရန် သည်းခံစိတ်မွေးရမည်ဖြစ်သည်။ သည်းခံစိတ်ထားခြင်းသည် အပြောလွယ်သလောက် ခက်ခဲနေမည်မှာ အမှန်ပင်ဖြစ်သည်။ ထိုစိတ်မျိုးထားနိုင်ပါက ထားနိုင်သလောက် အကျိုးရှိနေမည်လည်းဖြစ်သည်။

သည်းခံစိတ်ထားနိုင်သူတို့၏ စိတ်သဘောထား၊ စိတ်နှလုံးတို့သည် နူးညံ့သိမ်မွေ့လျက်ရှိသည်။ စိတ်နှလုံးနူးညံ့သိမ်မွေ့နေသူတို့၏ မျက်နှာသွင်ပြင်သည် အမြဲလိုလို ရွှင်သန့်ပြုံးရွှင်နေသည်။ ရန်ပြုသူကိုလည်း ရန်ရန်ခြင်း မတုံ့ပြန်သဖြင့် အမုန်းရန်ငြိုးထားသူ မရှိနိုင်ပါ။ ထိုသူအား ပတ်ဝန်းကျင်ရှိ လူအများက ချစ်ခင်ခြင်း၊ လေးစားခြင်း၊ ရိုသေခြင်းတို့ဖြင့် အဆက်အဆံပြုကြသည်။

နှစ်သက်ဖွယ်ကောင်းလှသည့် စိတ်ထားဖြူစင်ခြင်း၊ သည်းခံစိတ်ထားခြင်းသည် ကောင်းမြတ်သည့်မင်္ဂလာဖြစ်၍ ငယ်ရွယ်စဉ်ကပင် သည်းခံစိတ်မွေးရန် မိဘ၊ ဆွေမျိုးများက ဆုံးမပဲ့ပြင်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# သင်္ကြန်ကာလ ကျန်းမာရေးသတိပေးချက်များ ထုတ်ပြန်

လာမည့် မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကာလအတွင်း မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် အပူဒဏ်အန္တရာယ်ကာကွယ်ရေး အပါအဝင် လိုက်နာသင့်သည့် ကျန်းမာရေးအသိပေးချက်များကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါအသိပေးချက်တွင် အပူဒဏ်အန္တရာယ်မှ ကာကွယ်နိုင်ရန် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်များတွင် အရိပ်ရနေရာများတွင် အနားယူရန်၊ အပြင်ထွက်ရာတွင် ထီး၊ ဦးထုပ်များ အသုံးပြုရန်နှင့် ရေဓာတ်ခန်းခြောက်မှု မဖြစ်စေရန် သန့်ရှင်းသော သောက်ရေကို မကြာခဏ သောက်သုံးရန် အကြံပြုထားသည်။

ထို့ပြင် အရက်သောက်သုံးမှုသည် အပူဒဏ်ကို ပိုမိုပြင်းထန်စေနိုင်သဖြင့် အထူးသတိပြုရန်လိုကြောင်းနှင့် ရေကစားရာတွင် သန့်ရှင်းသော ရေကိုသာ အသုံးပြုရန်၊ မျက်လုံး၊ နားနှင့် ပါးစပ်အတွင်းသို့ ရေမဝင်စေရန် သတိပြုရန်ကိုလည်း နှိုးဆော်ထားသည်။

ရေပန်းအားပြင်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းကို ရှောင်ကြဉ်ရန်၊ စိုစွတ်သော လမ်းများတွင် ချော်လဲနိုင်သဖြင့် သတိထားရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရန် လိုအပ်ကြောင်းလည်း ဖော်ပြထားသည်။

ထို့အပြင် အရက်သောက်သုံးပြီး ယာဉ်မောင်းနှင်ခြင်းကို လုံးဝရှောင်ကြဉ်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ကောင်းမွန်စေရန် လက်များကို မကြာခဏ ဆေးကြောရန်၊ သန့်ရှင်းပြီး လတ်ဆတ်သော အစားအစာများကိုသာ စားသုံးရန်နှင့် အစားအစာများကို အညစ်အကြေးများ မဝင်ရောက်နိုင်စေရန် ဖုံးအုပ်ထားရန် လိုအပ်ကြောင်း သိရသည်။

ထို့အပြင် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာ ရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ သို့မဟုတ် ပြည်သူ့ဆေးရုံများသို့ အမြန်ဆက်သွယ်၍ ကုသမှုခံယူရန်လည်း အသိပေးထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-စ)

ဝ-ဝ-ဝ-ဝ-ဝ

# သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် တာဝန်ရှိသူများ စက်သုံးဆီအရောင်းဆိုင်များ သတ်မှတ်ချက်နှင့်အညီ ရောင်းချနိုင်ရေး ကြည့်ရှုစစ်ဆေး

**မန္တလေး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်သည် ရေနံထွက်ပစ္စည်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်သုံးဆီအရောင်းဆိုင်များ သတ်မှတ်ချက်နှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ကြည့်ရှုစစ်ဆေးခဲ့သည်။ (ယာပုံ)

ဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များဖြစ်သည့် MEC ၊ Denko နှင့် BOC ၊ အရောင်းဆိုင်များတွင် ပြည်သူများ ဆီအလုံအလောက်ရရှိစေရေး၊ စက်သုံးဆီ ပုံမှန်ရောင်းချပေးနိုင်ရေး၊ PO (Purchase order) များ အလုံအလောက်ရရှိစေရေး၊ မော်တော်ယာဉ်များအား စက်သုံးဆီချွေတာသုံးစွဲရေး၊ မလိုအပ်ဘဲ ဆီများ သိုလှောင်ခြင်း မပြုလုပ်ရန်၊ ပြည်သူများကလည်း စနစ်တကျ တန်းစီရန်နှင့် စက်သုံးဆီ တန်းစီမှုလျော့ကျစေရန်အတွက် Dispenser များ၊ QR Code ဖတ်သည့် ဝန်ထမ်းများ ထားရှိရန် စသည်တို့ကို မှာကြားကာ အလှူရှင်များ လှူဒါန်းထားသည့် သောက်ရေသန့်ဘူးများ ထားရှိပေးခဲ့ပြီး စက်သုံးဆီအရောင်းဆိုင်များ စနစ်တကျ ရောင်းချပေးနိုင်ရေးနှင့် စက်သုံးဆီတန်းစီမှုလျော့ကျစေရေး ကြပ်မတ်ကြည့်ရှုစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလင်းသစ်(ပြန်/ဆက်)



# ကျန်းမာရေးဝန်ထမ်း မိသားစုဝင် ၁၆၀ ဦးကျော်အား ဈေးနှုန်းချိုသာစွာဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေး



**ကျောက်ဆည် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူများ စားဝတ်နေရေး အထောက်အပံ့ရရှိစေရန်အတွက် ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် အခြေခံစားသောက်ကုန်များကို အပတ်စဉ်ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အထွေထွေရောဂါကု ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် ၁၆၀ ဦးကျော်အား ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ စားအုန်းဆီဝယ်ယူပါက တစ်ဦးလျှင် သတ်မှတ်ရည်ညွှန်းဈေးဖြင့် ၅၀ ကျပ်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သားများကို ဝယ်လိုပါက ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀၀၊ အမဲသားတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# Bar Code/ QR Code စနစ်သစ်ဖြင့် စက်သုံးဆီရောင်းချနေမှုအခြေအနေများအား ဆန်းစစ် အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်တွင် စက်သုံးဆီကို စနစ်တကျသုံးစွဲနိုင်စေရန်နှင့် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန် ရည်ရွယ်၍ Bar Code/QR Code စနစ်သစ်ဖြင့် ၂၇-၃-၂၀၂၆ ရက်နေ့မှစတင်၍ ရောင်းချပေးလျက်ရှိပါသည်။

ထို့အပြင် ယနေ့မှစတင်၍ ပဲခူး၊ ပြင်ဦးလွင်၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန်လမ်းမကြီး တစ်လျှောက်တွင် Bar Code/QR Code စနစ်များကို စတင်အသုံးပြုနေပြီဖြစ်ပါသည်။

စနစ်သစ်ဖြင့်ရောင်းချရာတွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ အခက်အခဲများနှင့် မသမာမှုများအပါအဝင် မမျှော်မှန်းနိုင်သည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနသည် Online Monitoring Center မှ စောင့်ကြည့်ခြင်း၊ Call Center ဖွင့်လှစ်၍ ဖြေရှင်းဆောင်ရွက်ခြင်း၊ ထိန်းကျောင်းကြပ်မတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

QR စနစ်အသုံးပြုနေသည့် မြို့ကြီး ၄ မြို့၌ စနစ်ဟောင်းရောင်းချမှုနှင့် စနစ်သစ်ရောင်းချမှုတို့ နှိုင်းယှဉ်မှုအရ ၂၅-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၈၉,၉၀၇ စီး၊ မော်တော်ယာဉ် ၁၃၈,၁၅၇ စီး ဆီဖြည့်တင်းခဲ့ကြသော်လည်း ၂၇-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၄၉,၆၉၀ စီး၊ မော်တော်ယာဉ် ၁၀၅,၃၄၅ စီးသို့ လျော့ကျသွားခဲ့ပါသည်။ ၂၆-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/ သုံးဘီး ၁၈၄,၂၈၄ စီး၊ မော်တော်ယာဉ် ၁၁၃,၀၂၈ စီး ဆီဖြည့်တင်းခဲ့ကြသော်လည်း ၂၈.၃.၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၆၅,၃၇၁ စီး၊ မော်တော်ယာဉ် ၁၀၇,၉၆၅ စီးသို့ လျော့ကျသွားခဲ့ပါသည်။

**သို့ရာတွင် စက်သုံးဆီဈေးနှုန်းတိုးမြင့်လာမှုကို အခွင့်ကောင်းယူ၍ အချို့အရောင်းဆိုင်များသည် ရောင်းချခြင်းမပြုဘဲ ဆိုင်ပိတ်ထားခြင်း၊ အချို့ဆိုင်များသည် Scan မဖတ်ဘဲ ရောင်းချပေးနေခြင်း၊ Taxi ယာဉ်များသည် ခွဲတမ်းပိုမိုရရှိမှုကို အခွင့်ကောင်းယူ၍ မသမာမှုများ ပြုလုပ်လာခြင်းတို့ကြောင့် ဖွင့်လှစ်ရောင်းချနေသည့် အရောင်းဆိုင်များတွင် ယာဉ်များတန်းစီမှု ပိုမိုလာသည်ကို စစ်ဆေးတွေ့ရှိရပါသည်။**

ယင်းသို့ အများပြည်သူများကို ထိခိုက်နစ်နာစေသည့် မသမာမှုများကို ပြည်သူတို့၏ သတင်းပေးပို့လာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်ရှိ "ရွှေပိုး" စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ် (၂၅၉၇)၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၈၂-ရပ်ကွက်၊ ၆၂ လမ်းပေါ်ရှိ "ရွှေခြသေ့" စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ်(၀၇၃၀) နှင့် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ ရန်ကုန်-မန္တလေး လမ်းမကြီး (လမ်းဟောင်း)ပေါ်ရှိ "အောင်သိဒ္ဓိ" စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ်(၀၄၈၀)တို့အား လိုင်စင်ယာယီပိတ်သိမ်း၍ အရောင်းဆိုင်မန်နေဂျာများနှင့် ဝန်ထမ်းများအား ဥပဒေအရ အရေးယူဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ ထို့အပြင် တရားမဝင် စက်သုံးဆီသိုလှောင်ထားရှိကြောင်း တိုင်ကြားလာမှုသတင်းအရ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၆၀/ B ရပ်ကွက်၊ မြနန္ဒာလမ်းသွယ်(ကျူးကျော်)နေ ဦးမြင့်မောင်အား တရားမဝင်စက်သုံးဆီများသိုလှောင်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသုံး စက်ပစ္စည်းများအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ သတ်မှတ်ပေးထားသော စက်သုံးဆီအရောင်းဆိုင်များတွင် ထောက်ခံချက်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့်လည်း စက်သုံးဆီဝယ်ယူခြင်းနှင့် ပတ်သက်၍ အခက်အခဲများနှင့် မသမာမှုများတွေ့ရှိနေရသည့်အပေါ်တွင် Call Center သို့ တိကျစွာ အသိပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန










☆ ရှေ့ဖုံးမှ

အထက်တန်း(၁)တွဲ၊ ရိုးရိုးတန်း(၃)တွဲ ထပ်မံချိတ်ဆက် ပြေးဆွဲပေးခဲ့ပြီး ယခင်ရပ်တန့်ဘူတာ ၁၆ ဘူတာရှိရာမှ ဒိုက်ဦး၊ ရေနီ၊ ညောင်ရမ်း၊ မြစ်သားလေးဘူတာ ထပ်မံရပ်တန့်ပေးခဲ့သည်။

ထို့အတူ ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်း၌ ရထားစီးနင်းမှုများပြားလာသည့်အတွက် အမှတ်(၈၁) အဆန်၊ အမှတ်(၈၂)အစုန်လေအိတ်လူစီးအမြန်ရထား၌ ရိုးရိုးတန်း(၁)တွဲ ထပ်မံချိတ်ဆက်ပြေးဆွဲပေးခြင်း ၊ ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင်ပြေးဆွဲနေသော အမှတ်(၇၁)အဆန်၊ အမှတ်(၇၂)အစုန် လူစီးအမြန်ရထားသည် ခရီးသည်စီးနင်းမှုများပြားခြင်း၊ ကြည့်မြင်တိုင်-ပြည် ရထားလမ်းပိုင်း၌ အမှတ်(၆၃)အဆန်၊ အမှတ် (၆၄)အစုန်လူစီးစာပို့ရထားတွင် ရိုးရိုးတန်း(၂)တွဲအား ထပ်မံချိတ်ဆက်ပြေးဆွဲပေးခဲ့ပြီး လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်း၌ အမှတ်(၁၉၅)အဆန်၊ အမှတ်(၁၉၆)အစုန် လော်ကယ်ရထားအား တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင် ပြေးဆွဲပေးလျက်ရှိရာမှ ခရီးသည်စီးနင်းမှုများပြားလာသည့်အတွက် မတ် ၂၈ ရက်မှစ၍ နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။



မြန်မာ့မီးရထားဖြင့် ခရီးသွားကြသူများကို တွေ့ရစဉ်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင်ပြေးဆွဲနေသော အမှတ်(၁၁)အဆန်၊အမှတ်(၁၂)အစုန် လူစီးအမြန်ရထားများ၊ နေပြည်တော်-မန္တလေးရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၂၇)အဆန်၊ အမှတ်(၂၈)အစုန် လူစီးအမြန်ရထားများနှင့် ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်းတွင်ပြေးဆွဲနေသော လေအေးပေးစက်ပါ DEMU လူစီး အမြန်ရထားများအား Online Railways Ticketing and Payment System(ORTP)ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ခရီးသွားပြည်သူများ ရထားစီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားခရီးစဉ်များတိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ ကျင်းပ

နေပြည်တော် မတ် ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတွင်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကို စာဖြေဌာန ၂၀၄ ဌာနတွင်လည်းကောင်း ဖြေဆိုကြသည်။

**ဖြေဆိုရာခိုင်နှုန်း**

အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ကို စာဖြေစာရင်းသွင်း ၁၆၁၇ ပါး/ဦး အနက် ၉၆၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၉ ဒသမ ၆၂ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း ၆၁၇၀၃ ပါး/ဦးအနက် ၅၁၇၁၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၈၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပစဉ်။တိုင်းဒေသကြီး(ပြန်/ဆက်)




## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၅ ခုနှစ် တရားရုံး နှစ်စဉ်အစီရင်ခံစာ စာအုပ်ကို (အင်္ဂလိပ်/ မြန်မာ)နှစ်ဘာသာဖြင့် ၂၀၂၆ ခုနှစ် မတ် ၃၀ ရက်တွင် ထုတ်ပြန်လိုက်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် http://www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားသည်။

တရားရုံး နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံး နှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခုထုတ်ပြန်လိုက်သည့် ၂၀၂၅ ခုနှစ် တရားရုံး နှစ်စဉ်အစီရင်ခံစာသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၀ အုပ်မြောက် နှစ်စဉ်အစီရင်ခံစာဖြစ်သည်။ အစီရင်ခံစာ စာအုပ်တွင် ၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၅ ခုနှစ်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၀ နှစ်တာကာလအတွင်း စဉ်ဆက်မပြတ်တိုးတက်မှု၊ အောင်မြင်မှုများကို မှတ်တမ်းအဖြစ် စုစည်းဖော်ပြထားသည်။







၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို သီးခြားကဏ္ဍတစ်ရပ်အနေဖြင့် ဤအစီရင်ခံစာ စာအုပ်၌ ဖော်ပြထားသည်။ အဆိုပါဆောင်ရွက်ချက်များမှာ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးစီမံချက်များ ချမှတ်၍ တရားစီရင်ရေးရပ်တန့်မသွားစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ခြင်း၊ အမှုလက်ကျန်များလျှော့ချနိုင်ခြင်း၊ တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် နည်းပညာပေါင်းစပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ အထူးကိစ္စရပ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်အသီးသီးရှိ စေ့စပ်ဖြေရှင်းရေးဌာနများမှ ဘဏ်အပေါင်မှုများအား အောင်မြင်အောင် စေ့စပ်ဖြေရှင်းပေးနိုင်ခြင်း၊ အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာ သင်ကြားရေးဌာနတစ်ခုဖြစ်သည့် Judicial College အဆောက်အဦသစ်ကို ဖွင့်လှစ်နိုင်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် AML/CFT အမျိုးသားအဆင့်မဟာဗျူဟာဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၂၅ ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ တရားသူကြီးများ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားရေးအစီအစဉ်များ အားကောင်းစေခြင်းနှင့် တရားစီရင်ရေးမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ခြင်းတို့ ဖြစ်သည်။

၂၀၂၅ ခုနှစ် တရားရုံး နှစ်စဉ်အစီရင်ခံစာ စာအုပ်မှတစ်ဆင့် စာအုပ်ဖတ်ရှုသူများအနေဖြင့် တရားစီရင်ရေးမဏ္ဍိုင်၏ တရားစီရင်ရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် တရားမျှတမှုလက်လှမ်းမီရေး တိုးမြှင့်ဆောင်ရွက်နိုင်မှုတို့ကို လွယ်ကူစွာဖတ်ရှုသိရှိနိုင်မည်ဖြစ်သည်။

တရားရုံး နှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့၏ အီးမေးလ် irrdp.usc@gmail.com သို့ ပေးပို့နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မဟာအောင်မြေမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲစတင်ဖြေဆို

**မန္တလေး မတ် ၂၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်တွင် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိရာ ယနေ့ မွန်းတည့် ၁၂ နာရီက မစိုးရိမ်တိုက်သစ်၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မဟာအောင်မြေမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းအသီးသီးမှ ရဟန်း၊ ရှင်သာမဏေ၊ သီလရှင် ပထမကြီးတန်းတွင် ၂၆၂ ပါး၊ ပထမလတ်တန်းတွင် ရှင်သာမဏေ၊ လူ ၂၂၆ ပါး/ဦး၊ ပထမငယ်တန်းတွင် ရှင်သာမဏေ၊ သီလရှင်၊ လူ ၂၄၈ ပါး/ဦး၊ အခြေပြုမူလတန်းတွင် ရှင်သာမဏေ၊ သီလရှင်၊ လူ ၃၃၆ ပါး/ဦး၊ စုစုပေါင်း ၁၀၇၂ ပါး/ဦး၊ ကြွရောက်ဖြေဆိုလျက်ရှိရာ စာမေးပွဲဖြေဆိုနေမှုများအား ဩဝါဒါစရိယဆရာတော်များနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါစာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း စာမေးပွဲများကို နေ့ရက်အလိုက် ဘာသာရပ်စာမေးပွဲများ ကျင်းပဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။



**အောင်စော်မင်း**





နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင် ရေပန်းအလှများနှင့် ရောင်စုံအလှမီးများဖြင့် အလှဆင်ထားမှုကို တွေ့ရစဉ်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ ရောင်စုံအလှမီးများဖြင့် အလှဆင်ထားမှုကို တွေ့ရစဉ်။

နေပြည်တော် မတ် ၂၉

၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူး ထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ - အင်္ဂလိပ် နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲ/ယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့် မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါး ရုပ်တုအောက်ခံ၌ တပ်မတော်အလံ ပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း အသီးသီးပုံဖော် အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။





နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိတပ်မတော်ပန်းခြံတွင် ရေပန်းအလှများနှင့် ရောင်စုံအလှမီးများဖြင့် ဂုဏ်ပြုအလှဆင်ထားရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများကို တွေ့ရစဉ်။

ထို့ပြင် ၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့်ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့် ပြုလုပ်ထားသည် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့်ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးအလှများဖြင့် ပြုလုပ်ထားရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် ယနေ့ဒုတိယမြောက်နေ့တွင်လည်း စည်ကားလျက်ရှိသည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မီးရောင်စုံများ၊ မီးအလှများဖြင့် ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါနေရာများသို့ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် စည်းကားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# တာဝန်

**လူသားတစ်ဦးဖြစ်လာဖို့ အတိတ်ကံက 'တာဝန်'ယူပါလိမ့်မည်။ လူကောင်းတစ်ယောက်ဖြစ်လာဖို့ကတော့ မိမိကိုယ်ကို မိမိ 'တာဝန်'ယူရပါလိမ့်မည်။**

**(ရှေးစာပေပညာရှင်)**

'တာဝန်'ဆိုသော စကားကို လူတိုင်းကြားသိကြပါသည်။ လူမှုအဖွဲ့အစည်းတစ်ခုမှာ ဘယ်နေရာမှာပဲနေနေ၊ ဘယ်နေရာမှာပဲ လုပ်လုပ်၊ တာဝန်သိတတ်သောသူအတွက် တာဝန်များစွာ ရှိပါသည်။ တာဝန်ခံခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ပေးခြင်း၊ တာဝန်ရှိခြင်း၊ တာဝန်သိခြင်း များစွာရှိပါသည်။ တာဝန်မသိတတ်သူအတွက် ဘာတာဝန်မှ မရှိပါ။ 'တာဝန်'ဆိုသည်မှာ 'အလုပ်'ဖြစ်ပါသည်။ 'အလုပ်ဆိုသည်မှာ 'ကံတရား'ဖြစ်ပါသည်။ အလုပ်ကောင်းလျှင် ကံကောင်းမည်သာ ဖြစ်ပါသည်။

ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် လုပ်နေလျှင်၊ လုပ်နိုင်လျှင် ကိုယ့်တာဝန်နှင့် ထိုက်တန်သော အခွင့်အရေးဆိုတာ တောင်းဆိုစရာ မလိုပါ။ 'ကံတရား'က ဖန်တီးပေးပါလိမ့်မည်။ ကိုယ့်တာဝန်ကို ကျေပွန်အောင် မလုပ်ဘဲ၊ မလုပ်နိုင်ဘဲ အခွင့်အရေးကို အရင်ဦးစွာ လိုချင်၍ မရပါ။

လောကမှာ လူ့ပတ်ဝန်းကျင်၊ လူ့အသိုက်အဝန်း၊ လူ့အဖွဲ့အစည်းများမှာ လူတိုင်း တာဝန်များစွာ လုပ်ဆောင်မှုများနှင့် မည်သည့်အခါမှ ကင်းကွာ၍ မရပါ။ ထာဝရအစဉ်အမြဲ ယှဉ်တွဲနေထိုင်၊ လုပ်ကိုင်ကြရမည်သာ။ မိမိတို့၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းမရှိပါက ထိုသူသည် 'လူညွန့်တုံး'သူသာ ဖြစ်ပေလိမ့်မည်။ ထို့အတူ ဆောင်ရွက်ရမည့် ဝတ္တရားများကို ကျေပွန်အောင် မထမ်းဆောင်နိုင်ပါလျှင်လည်း အစွမ်းအစမရှိသည့် လူနုံလူအ'သာ ဖြစ်ပေလိမ့်မည်။ အချို့သော ဆောင်ရွက်ရန် ဝတ္တရားများကို ထောက်ထားရမည့်သူ၊ ဦးဆောင်သူအလိုကျ ဆောင်ရွက်သည်များလည်း ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရမည့်သူများသည် အမှန်တရားကို မျက်ကွယ်ပြုကာ 'မင်းအလိုလိုက် မင်းအကြိုက်ဆောင်'သည့် 'မင်းမြှောင်'များသာ ဖြစ်ပေသည်။

ရှေ့နေစာပေပညာရှင်ကြီး၏ ဆောင်းပါးတစ်ပုဒ်မှ ဖတ်ရှုလေ့လာမှတ်သား သိရှိရပါသည်။

'ခေါင်းဆောင်'ဆိုသည်မှာ ကိုယ်ကျင့်သီလရှိရမည် တရားမျှတ သမာသမတ် သမာဓိ ရှိရမည်၊ အရည်အချင်း ပညာရှိရမည်၊ လက်အောက်များအပေါ် စိတ်ကောင်း၊ စေတနာကောင်းရှိရမည်။ ကိုယ်ချင်းစာနာစိတ် ရှိရမည်။ ထိုသို့ ပြည့်စုံသူခေါင်းဆောင်မှသာ ဘယ်အဖွဲ့အစည်းမျိုးမဆို တိုးတက်အောင်မြင်မှုများ ရရှိနိုင်ပါသည်။

— — — — — — —

အခြေအနေ အချိန်အခါအလိုက် မဖြစ်မနေ လိုအပ်ချက်အရ သတ်မှတ်ထားသော ဥပဒေ၊ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ကို 'စည်းကမ်း' ဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။ 'စည်းကမ်း' ဟူသည် 'လူ၏တန်ဖိုး'ဟူသော စကားရှိပါသည်။ တန်ဖိုးရှိသော လူတစ်ဦးဆိုသည်မှာ လူ့ပတ်ဝန်းကျင်၊ လူ့အသိုက်အဝန်း၊ လူ့အဖွဲ့အစည်းနှင့်နေလျှင် လူ့ပတ်ဝန်းကျင်၊ လူ့အသိုက်အဝန်း၊ လူ့အဖွဲ့အစည်း၏ စည်းကမ်းကို လိုက်နာပါမှ တန်ဖိုးရှိသော လူတစ်ဦး ဖြစ်ပေလိမ့်မည် ။

— — — — — — — —

လူတစ်ဦး၏ ဘဝမှာ အရေးကြီးဆုံးက 'အသက်' မဟုတ်ပါ။ 'သမိုင်း' ဖြစ်ပါသည်။ 'အသက်'ဆိုတာ နှလုံးခုန်ရပ်မှ သေတတ်ပါသည်။ 'သမိုင်း'ဆိုတာ အသက်ရှင်လျက်နှင့်လည်း သေသွားနိုင်ပါသည်။ 'ကိုယ့်သမိုင်းကိုယ်ရေး'ဟူသော စကားကို လူတိုင်းပြောဆိုသုံးစွဲနေကြပါသည်။ ကိုယ့်သမိုင်းကို ကိုယ်ရေးရုံမျှနှင့် မပြီးပါ။ ကိုယ့်သမိုင်းကို ကိုယ်ကိုယ်တိုင် လက်တွေ့ကျကျ လုပ်ပြကြရပါမည်။ မပျောက်မပျက် ကျောက်ထက်အက္ခရာသမိုင်း မှတ်ကျောက်တင်ကြရပါမည်။

လူတစ်ဦး၏ တန်ဖိုးသည် သူ၏စိတ်ဓာတ်မှာ အညစ်အကြေး မည်မျှပါခြင်း၊ မပါခြင်းပေါ်မှာ မူတည်ပြီး ဆုံးဖြတ်ပါသည်။ အညစ်အကြေးတွေ များနေလျှင် လူ့တန်ဖိုး နိမ့်ကျပါသည်။ အညစ်အကြေးတွေ နည်းနေလျှင် လူ့တန်ဖိုးကြီးပါသည်။

လောကမှာ မိမိကိုယ်တိုင် မိမိတန်ဖိုးရှိအောင် သိက္ခာရှိစွာ နေထိုင်လိုပါက အသိဉာဏ်ပညာနှင့် အကြောင်းအကျိုး အကောင်းအဆိုး ခွဲခြားသိမြင်နိုင်စွမ်း ရှိရပါမည်။ အကြောင်းအရာတစ်ခုကို ပြောသင့်၊ မပြောသင့်၊ လုပ်သင့်၊ မလုပ်သင့် စဉ်းစားကြရမည်။ ချင့်ချိန်ကြရမည်။ ဆင်ခြင်တုံတရားနည်းပါးပြီး အသိတရားကင်းမဲ့ကြလျှင် တဖြည်းဖြည်း မိမိတို့၏ တန်ဖိုးနည်းပါးလာသည်။ မိမိတို့၏ ဂုဏ်သိက္ခာ မှေးမှိန်လာပါသည်။ လူတိုင်းမိမိတန်ဖိုးကို မိမိတို့ကိုယ်တိုင် လေးလေးစားစား တန်ဖိုးထားကာ ထိန်းသိမ်းကြရပါမည်။ မိမိတို့ကိုယ်တိုင် မြှင့်တင်ကြရပါမည်။

'တန်ဖိုး'ဆိုသည်မှာ ပစ္စည်းတစ်ခု၏ အရည်အသွေး ကောင်းမွန်ခြင်း၊ အသုံးဝင်ခြင်း၊ အကျိုးပြုခြင်းပေါ်မှာ မူတည်ပါသည်။ ကိုယ်ကျင့်သိက္ခာ၊ အကျင့်စာရိတ္တ၊ စိတ်နေစိတ်ထား၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးကို သိမြင်၊ ဆင်ခြင်၊ ပွားများနိုင်မှ စသည်တို့နှင့် ဆက်နွှယ်နေပါသည်။

'စည်းကမ်း'ဟူသည့် 'စည်း'ဆိုသည်မှာ ပိုင်းခြားသတ်မှတ်ထားသော ခြံ၊ ဝင်း၊ အကာအရံ၊ အရေးအကြောင်း၊ နယ်နိမိတ်စည်းဖြင့် ပိုင်းခြားသတ်မှတ်သည်'ဟူ၍လည်းကောင်း၊ 'ကမ်း'ဆိုသည်မှာ တောင်တို့၏ နံရံ၊ အရပ်၊ ပင်လယ်၊ မြစ်၊ ချောင်း၊ ကန်နှင့် ရေပြင် ဆက်စပ်ထားသော နေရာ'ဟူ၍လည်းကောင်း မြန်မာအဘိဓာန်တွင် ဖတ်ရှုလေ့လာမှတ်သားသိရှိပါသည်။

အခြေအနေ အချိန်အခါအလိုက် မဖြစ်မနေ လိုအပ်ချက်အရ သတ်မှတ်ထားသော ဥပဒေ၊ လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်ကို 'စည်းကမ်း'ဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။ 'စည်းကမ်း'ဟူသည် 'လူ၏တန်ဖိုး'ဟူသော စကားရှိပါသည်။ တန်ဖိုးရှိသော လူတစ်ဦးဆိုသည်မှာ လူ့ပတ်ဝန်းကျင်၊ လူ့အသိုက်အဝန်း၊ လူ့အဖွဲ့အစည်းနှင့်နေလျှင် လူ့ပတ်ဝန်းကျင်၊ လူ့အသိုက်အဝန်း၊ လူ့အဖွဲ့အစည်း၏ စည်းကမ်းကို လိုက်နာပါမှ တန်ဖိုးရှိသော လူတစ်ဦး ဖြစ်ပေလိမ့်မည်။

'စည်းကမ်းလိုက်နာ ဘေးကင်းကွာ'ဟူသော စကားလည်းရှိပါသည်။ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း၊ အိမ်စည်းကမ်း၊ ကျောင်းစည်းကမ်း၊ ရုံးစည်းကမ်းဟူ၍ စည်းကမ်းအမျိုးမျိုး ရှိပါသည်။ ခရီးသွားသည့်အခါ လမ်းစည်းကမ်းကို လိုက်နာကြရပါမည်။ လမ်းလျှောက်သွားသူဖြစ်စေ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး စသည်တို့နှင့် သွားလာကြလျှင် သတ်မှတ်ထားသော လမ်းစည်းကမ်းများကို လိုက်နာကြရပါမည်။ တချို့သောလူများက ရေသန့်ဘူးများ၊ အချိုရည်ဘူးများကို လမ်းမပေါ်မှာ ပစ်ခဲ့ကြပါသည်။ တချို့ကယာဉ်ပေါ်မှာ စားသောက်ပြီး ပလတ်စတစ်အမှိုက်များကို လမ်းမပေါ်မှာ ပစ်ချခဲ့ကြပါသည်။ ထိုသို့ တွေ့ရာနေရာကို စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းသည် ရှက်စရာကောင်းပြီး လူ့စိတ်ဓာတ် အောက်တန်းကျလှပါသည်။

လမ်းလျှောက်သွားလျှင်လည်း လူသွားလမ်းမျဉ်းကျားမှသာ လျှောက်သွားကြရပါမည်။ ကိုယ်ပိုင်ကားဖြင့်သွားလျှင် ကားမောင်းသူနှင့် ကားရှေ့ခန်းမှ လိုက်သူသည် ခါးပတ် ပတ်ကြရပါမည်။ မည်သည့်ယာဉ်ဖြစ်စေ မီးပွိုင့်ကိုဖြတ်သည့်အခါ မီးနီမှ မီးစိမ်းသည်အထိ အချိန်ကို တိကျစွာ မစောင့်ဆိုင်းဘဲ စက္ကန့်ပိုင်းအတွင်း ဖြတ်သန်းခြင်းတို့သည် မတော်တဆမှုများဖြစ်စေပြီး ဘေးအန္တရာယ်ဖြစ်စေပါသည်။ ထိုသို့ စည်းကမ်းမဲ့စွာ မောင်းနှင်သွားကြသောသူများသည် ဥပဒေကို မလိုက်နာသူများဖြစ်၍ လူ့တန်ဖိုးမဲ့ကာ ရှက်စရာ ကောင်းလှပါသည်။ ထို့ကြောင့် လူတစ်ဦးချင်းစီ စည်းကမ်းလိုက်နာခြင်းဖြင့် လူ့တန်ဖိုးကို မြှင့်တင်ကြရပါမည်။

'စည်းကမ်းရှိမှ တိုးတက်မည်'ဟူသော ဆောင်ပုဒ်လည်း ရှိပါသည်။ ကိုယ်ကိုယ်တိုင်က စည်းကမ်းလိုက်နာသူအဖြစ်နှင့် ဂုဏ်ယူကြစေချင်ပါသည်။ တာဝန်သိသူ၊ တာဝန်ရှိသူ တစ်ဦးအဖြစ်နှင့်လည်း ကိုယ့်သိက္ခာကို စောင့်ထိန်းကြစေချင်ပါသည်။

မြန်မာနိုင်ငံ၏ မြန်မာ့ယဉ်ကျေးမှုအနုပညာမြို့တော် မန္တလေးတောင်တော်၊ ရွှေနန်းတော်၊ ကျုံး၊ မြို့ရိုး၊ ပြာသာဒ်နှင့် ကျုံးရေပြင် လှပတင့်တယ်သော မြို့တော်မှ မဟာမုနိရုပ်ရှင်တော်ကို တည်ထားကိုးကွယ်တော်မူသော မြို့တော်၊ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ခေါ်ဝေါ်သော ကုသိုလ်တော်ကြီးဘုရားရှိသော မြို့တော်၊ ကမ္ဘာမှာ တစ်ဆူတည်းရှိသော ပထမဦးဆုံး ကျောက်စိမ်းစေတီတော်ကြီးရှိသော မြို့တော်၊ ကမ္ဘာမှာ အရှည်လျားဆုံး ကျွန်းသစ်တံတား၊ ကမ္ဘာကျော်ကြားထင်ရှားသော တောင်သမန်တံတား(ဦးပိန်တံတား) ရှိသော မြို့တော်နှင့် မန္တလေးဝန်းကျင်မှာရှိသော အထင်ကရနေရာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်အတူ မြို့နေလူထုများက သန့်ရှင်းသာယာရေးအတွက် ဝိုင်းဝန်းကူညီပူးပေါင်းပါဝင် ဆောင်ရွက်နေကြပါသည်။ မြို့နယ်အလိုက် သက်ဆိုင်ရာ ဌာနများမှ အားသွန်ခွန်စိုက် အင်တိုက်အားတိုက် နေ့စဉ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

'ငါ့ရပ်ရွာ၊ ငါ့မြို့တော်၊ ငါ့နိုင်ငံတော် သန့်ရှင်းသာယာလှပဖို့ ငါ့မှာ တာဝန်ရှိသည်'ဟူသော အသိစိတ်ဓာတ်နှင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းမှာ 'တာဝန်' ကိုယ်စီ ရှိပါသည်။

ထို့ကြောင့် မြန်မာလူမျိုးများ ပီသစွာ အမျိုးကိုချစ်ပါ။ ဘာသာကို လေးစားပါ။ သာသနာကို စောင့်ရှောက်ပါ။ အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ မိရိုးဖလာ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ မပျောက်ပျက်ရေးတို့သည် မြန်မာနိုင်ငံသားတို့၏ သမိုင်းပေး'တာဝန်'ဖြစ်ပါသည်။

**မိုးထက်ကို(အမရပူရ)**

## မိုင်းယောင်းမြို့၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း မတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မိုင်းယောင်းခရိုင် ထွေ/အုပ်ရုံးခန်း၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ကျင်းပသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ကျင်းပနိုင်ရေး Zoom Meeting အစည်းအဝေး တက်ရောက်ခဲ့သည်။

ထို့နောက် ဝမ်ပုံကျေးရွာတွင် သဘာဝရေထွက်တော၊ သဘာဝရေထိန်းတောနှင့် ကြားခံဇရိယာသတ်မှတ်ခြင်း လျာထားနေရာသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် မြို့နယ်အမျိုးသမီး နှင့်အတူ အ·မ·က(ခိုကဲ)တွင် ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချို ယဉ်ကျေးလိမ္မာနှင့် ဓမ္မစကူးလ် နွေရာသီ သင်တန်းပို့ချနေမှုအား သွားရောက်ကြည့်ရှုပြီး သင်တန်းတက်ရောက်နေသူများအား အာဟာရကျွေးမွေးခြင်း၊ သင်ကြားပို့ချပေးသည့် ဆရာတော်နှင့် ဆရာ၊ ဆရာမများကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။



ထို့နောက် မိုင်းယောင်းမြို့နယ် ရွှေစည်းခုံစေတီတော်တွင် လုပ်အားဒါနသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ဗလမင်းထင်ခန်းမတွင် နွေရာသီ ကရာတေး၊ ဂျူဒို သင်တန်းပေးနေမှုအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၅၀၅)

*- *- *- *- *- *- *

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## One Battle After Another ကို Leonardo Dicaprio တွဲဖက်ဒါရိုက်တာအဖြစ် ရိုက်ကူး



(၉၈)ကြိမ်မြောက် အော်စကာ ဆုပေးပွဲတွင် အနုပညာထူးချွန်ဆု ခြောက်ဆု ဆွတ်ခူးရရှိခဲ့သည့် One Battle After Another ကို Leonardo Dicaprio က တွဲဖက်ဒါရိုက်တာအဖြစ် ပထမဆုံးအကြိမ် ရိုက်ကူးထားခြင်းဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်မှာ ဒါရိုက်တာဆု၊ ဇာတ်ညွှန်းဆု၊ တည်းဖြတ်ဆု၊ အမျိုးသားဇာတ်ပို့ဆုနှင့် ယခုနှစ်မှ စတင်ပေးအပ်သည့် အကောင်းဆုံးသရုပ်ဆောင်ရွေးချယ်မှုဆုကိုပါ ရရှိထားသည်။

ဖခင်တစ်ဦးနှင့် သမီးတစ်ဦးတို့၏ ဆက်ဆံရေး၊ နိုင်ငံရေးဆိုင်ရာ အတွေးအခေါ်ကွာခြားမှု၊ သစ္စာဖောက်မှုနှင့် လျှို့ဝှက်အာဏာရှင်အဖွဲ့အစည်းများအကြောင်း ရသစုံလင်တင်ပြထားသည့် ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခုဖြစ်၍ အော်စကာ ခြောက်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။ (SKY)



## အစားအသောက်ပျက်ခြင်း၏ လျှို့ဝှက်ချက်ကိုဖော်ထုတ်တွေ့ရှိ

မိမိတို့ကိုယ်ခန္ဓာထဲသို့ ရောဂါပိုးဝင်ရောက်သည့်အခါ တွေ့ကြုံရသော အစားအသောက်ပျက်ခြင်း၏ လျှို့ဝှက်ချက်ကို နောက်ဆုံးတွင် သိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။

အူလမ်းကြောင်းအတွင်းရှိ ဖုံးကွယ်ထားသော ဆဲလ်များက ဦးနှောက်သို့ အချက်ပြဆက်သွယ်ရာမှ အစားအသောက်ပျက်ခြင်း စတင်ပုံကို အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများ တွေ့ရှိခဲ့ကြသည်။

"ကျွန်တော်တို့ ဖြေချင်တဲ့မေးခွန်းက ကိုယ်ခံအားစနစ်က ကပ်ပါးပိုးတွေကို ဘယ်လိုတိုက်ထုတ်သလဲဆိုတာတင် မဟုတ်ဘဲ ခန္ဓာကိုယ်ရဲ့ ပြုမူနေထိုင်ပုံကို ပြောင်းလဲဖို့ အာရုံကြောစနစ်ကို ဘယ်လိုမျိုးအကူအညီတောင်းသလဲ ဆိုတာပါ"ဟု ယင်းတက္ကသိုလ် ဇီဝကမ္မဗေဒဌာန ဉက္ကဋ္ဌနှင့် ပါမောက္ခ၊ ၂၀၂၁ ခုနှစ် ဇီဝကမ္မဗေဒ(သို့မဟုတ်)ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုရှင် ဒေးဗစ် ဂျူးလီယပ်စ်က ရှင်းလင်းပြောကြားသည်။

အဆိုပါလေ့လာတွေ့ရှိချက်ကို မတ် ၂၅ ရက်ထုတ် နေးချားသိပ္ပံဂျာနယ်တွင် အသေးစိတ်ဖော်ပြထားကြောင်း သိရသည်။

(SCI)

## မိခင်မေတ္တာကို ဖွဲ့ဆိုထားသည့် Number One ဇာတ်ကား

ပရိသတ်အားပေးမှုရရှိထားသည့် ရုပ်ရှင်ဇာတ်ကားသစ် Number One တွင် သားအမိနှစ်ဦး၏ မိခင်မေတ္တာဖွဲ့ ဇာတ်လမ်းဖန်တီးရိုက်ကူးထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အသက် ၁၈ နှစ်အရွယ်တွင် အဓိပ္ပာယ်မဖော်နိုင်သည့် နံပါတ်ကို စတင်မြင်တွေ့ခဲ့ရသည့် လူငယ်လေးတစ်ဦး ထူးဆန်းစွာ ထိုနံပါတ်မှာ မိခင်ချက်ကျွေးသည့် ထမင်းစားတိုင်း ပေါ်လာတတ်ပြီး ထမင်းတစ်နပ်စားလျှင် နံပါတ်တစ်လုံးစီ လျော့သွားခဲ့သည်။



ကွယ်လွန်သွားသည့် ဖခင်၏ အိပ်မက်ပေးချက်အရ ထိုနံပါတ်သုညဖြစ်သွားလျှင် မိခင်ကွယ်လွန်မည်ကို သိရှိရ၍ မိခင်ကို ကာကွယ်ရန် ဆင်ခြေမျိုးစုံပေး၍ ထမင်းစားခြင်းကို ရှောင်ဖယ်နေခဲ့သည်။

နွေးစဉ် မိခင်ချက်ကျွေးသော ထမင်းတစ်နပ်၏တန်ဖိုး အရေးပါမှုကို ပြန်လည်တွေးတောမိစေသည့် ဇာတ်ကားဖြစ်ပြီး မင်းသားချိုင်ဝုဆစ်နှင့် မင်းသမီးကြီး ဂျောင်ဟေဂျင်းတို့ အဓိကပါဝင်ထားကြသည်။ (SKY)



## Zero Baseone အဖွဲ့ ဖျက်သိမ်းကြောင်း ကြေညာ

မျိုးဆက်သစ် ကေပေါ့ပ် အမျိုးသားအဖွဲ့ Zero Baseone အဖွဲ့ ဖျက်သိမ်းကြောင်း ကြေညာချက် ထွက်ပေါ်လာ၍ ပရိသတ်စိတ်မကောင်းဖြစ်နေသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအဖွဲ့ဝင် ကိုးယောက်အနက် လေးဦးက ထွက်ခွာခဲ့ကြရာ အဖွဲ့ဝင် ဟန်ဘင်း၊ ဂျီဝေါင်၊ မက်သရူးနှင့် တဲရေ့စ်နှင့် ဂန်ဝုဒ်တို့သာ ကျန်ရစ်ခဲ့ကြသည်။ အဖွဲ့ဝင် ရစ်ကျီန်ဟောင်၊ ယူဂျင်းနှင့် ဂူမင်တို့က တရုတ်ပြည်သို့ ပြန်ကြမည်ဖြစ်သည်။

ပရိသတ်များက Zero Base-One အဖွဲ့ဝင်လေးဦးအတွက် အားပေးမှုနည်းခဲ့၍ နောင်တရမဆုံး ဖြစ်နေကြပြီး ကျန်အဖွဲ့ဝင်ငါးဦးနှင့် ဂီတခရီးဆက်ရန် အခက်အခဲရှိသဖြင့် အဖွဲ့ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။

အဖွဲ့ဝင် ကိုးယောက်နှင့် စတင်ခဲ့သည့် ကေပေါ့ပ်အဖွဲ့ဖြစ်ပြီး ပရိသတ်အားပေးမှု နည်းပါးခြင်းအပေါ် အကျိုးရလဒ်ခံစားခွင့်လည်း နည်းပါးခဲ့ကြသဖြင့် အဖွဲ့ဝင်များ လက်တွဲဖြုတ် ထွက်ခွာသွားကြခြင်း ဖြစ်သည်။

(SKY)



## Michael B.Jordan က အော်စကာဆုကိုင်၍ Burger ဆိုင်ရောက်

၂၀၂၆ ခုနှစ် အော်စကာဆုပေးပွဲတွင် Sinners ရုပ်ရှင်နှင့် အကောင်းဆုံးမင်းသားဆုရရှိခဲ့သော Michael B.Jordan က သူ့အောင်ပွဲကို ရိုးရှင်းစွာကျင်းပခဲ့ရာ အော်စကာဆုကိုင်၍ In N Out Burger ဆိုင်သို့ သွားရောက်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အော်စကာ ဆုပေးပွဲအပြီး ညနှောင်းပိုင်းတွင် Michael B.Jordan က In N Out Burger ဆိုင်သို့ တန်းတန်းမတ်မတ်သွားကာ ဗိုက်ဖြည့်ခဲ့ပြီး အော်စကာဆုကိုကိုင်၍ ပရိသတ်များနှင့် ဓာတ်ပုံရိုက်ခဲ့ရာ လူမှုကွန်ရက်တွင် ပျံ့နှံ့ခဲ့ပြီး အောင်မြင်မှုရရှိသော်လည်း ရိုးရှင်းအေးဆေးသည့်ပုံစံကို မြင်တွေ့ကြရသည်။

ဆုပေးပွဲဂါရဝပြုစကားတွင် သူ့ကို လမ်းခင်းပေးခဲ့ကြသည့် လူမည်းအနုပညာရှင်များကို ကျေးဇူးတင်ကြောင်း၊ လူမည်းအနုပညာရှင်ဂန္ထဝင်များဖြစ်ကြသည့် ဆစ်ဒနေပိုတီယာ၊ ဒန်ဆယ်ဝါရှင်တန်၊ ဟောလီဘာရီ၊ ဂျေမီဖော့စ်၊ ဖောရက်စ်ဝှစ်တာကာနှင့် ဝီလီစမစ်တို့ကိုလည်း အလေးအနက်ကျေးဇူးတင်ကြောင်း ပြောကြားသွားခဲ့၍ ပရိသတ်ကြား ရေပန်းစားမှု ဖြစ်ပွားခဲ့သည်။ (SKY)

## Mr.Worldwide @ Pitbull က ကျောင်းပေါင်းလေးဆယ်ကျော် တည်ထောင်ခဲ့

အမေရိကန် ရက်ပ်အဆိုတော် Pitbull (ခေါ်) အာမန်ဒိုခစရစ္စတင်းပီရိတ်ကို Mr.Worldwide ဟု လူသိများပြီး ကျောင်းပေါင်းလေးဆယ်ကျော် တည်ထောင်ထားသူဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



Pitbull သည် ၂၀၀၀ ပြည့်နှစ် အစောပိုင်းတွင် ဟစ်ဟော့လောကသို့ စတင်ခဲ့ပြီး ကမ္ဘာကျော် Party သီချင်းများနှင့် နာမည်ကြီးခဲ့ကာ ၂၀၂၆ ခုနှစ်တွင် ဂီတလောကသို့ ဖျော်ဖြေပွဲများနှင့် အလုပ်ရှုပ်နေကာ "I'm Back" World Tour: နှင့် ကမ္ဘာလှည့်ဖျော်ဖြေပွဲ ကျင်းပသည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပမည့် လန်ဒန်မြို့မှ BST Hyde Park ပွဲတော်တွင် Bald Caps ခေါင်းပြောင်စွပ် ဝတ်ထားသူများ စုဝေးမှု ဂရင်းနစ်စံချိန်တင်ရန်လည်း ပြင်ဆင်နေကာ ဧပြီလတွင် ကျင်းပမည့် နာမည်ကြီး ဂီတပွဲတော်တွင်လည်း ဖျော်ဖြေခဲ့သည်။

အဆိုတော် လုပ်ငန်းရှင်တစ်ဦးဖြစ်သည့်အပြင် ပညာရေးတွင် သူတည်ထောင်ထားသည့် SLAM အခမဲ့ ကိုယ်ပိုင်ကျောင်းပေါင်း ၄၀ ကျော်ရှိပြီး အချိုရည်လုပ်ငန်း Nascar ကားပြိုင်ပွဲ အသင်းရှင်နှင့် အခြားရင်းနှီးမြှုပ်နှံမှုများစွာ ပိုင်ဆိုင်ထားသည်။

(SKY)

## Tian Xuning ၏ Studio က ဝေဖန်တိုက်ခိုက်မှုကို တရားစွဲ

တရုတ်အနုပညာရှင် Tian Xuning ၏ Studio က ၎င်းတို့၏ အနုပညာရှင်အပေါ် ဝေဖန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည့်အတွက် တရားဥပဒေအရ အရေးယူမည်ဟု ကြေညာချက်ထုတ်၍ တရားစွဲဆိုထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မကြာသေးမီက ဝိန်ဘို၊ ဒူယင် အသုံးပြုသူများက လူမှုကွန်ရက်မှတစ်ဆင့် အမှန်တရားကို ဖန်တီးပြုပြင်ခြင်းများ၊ လွဲမှားစွာ ပြောဆိုခြင်းများ ပြုလုပ်၍ ကောလာဟလများ ပျံ့နှံ့ခဲ့သဖြင့် Tian Xuning ၏ တရားဝင်အခွင့်အရေးများ ပြင်းထန်စွာ ထိခိုက်ခဲ့ရသည်။

စတူဒီယိုမှ ထိုအခြေအနေကို သူ၏ စတူဒီယိုက ချက်ချင်းတုံ့ပြန်ဆောင်ရွက်ကာ တရားဝင်ကိုယ်စားလှယ် ခန့်အပ်၍ ချိုးဖောက်မှုဆိုင်ရာ အကြောင်းအရာသက်သေများ စုဆောင်းပြီး ဥပဒေအရ အရေးယူမှု စတင်ခဲ့သည်။

ချိုးဖောက်မှုတွင် ပါဝင်သည့် အကြောင်းအရာများကို ထုတ်ဝေခြင်း၊ မျှဝေခြင်း၊ ပြန်လည်ဖြန့်ဝေခြင်း ပြုလုပ်ပါက ချက်ချင်းပင် နိုင်ငံတော်တရားရေး အာဏာပိုင်များထံ တင်ပြအရေးယူခြင်း ပြုလုပ်မည်ဟု ထပ်ဆင့်ပြောကြားထားသည်။

(SKY)



*-*-*-*-*-*-*

# အီရန်နိုင်ငံအပေါ် စစ်ဆင်ရေးဆင်နွှဲမှု အမေရိကန်ပြည်သူများ ဆန္ဒထုတ်ဖော်

ဝါရှင်တန် မတ် ၂၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရ၏ အီရန်နိုင်ငံအပေါ် စစ်ဆင်ရေးဆင်နွှဲမှုအပေါ် ပြည်သူများက ကျေနပ်မှုမရှိသည့်အတွက် နိုင်ငံတစ်ဝန်း၌ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒထုတ်ဖော်မှုကို “No Kings” ဟု အမည်ပေးထားပြီး အမေရိကန်ပြည်နယ် ၅၀ အတွင်းရှိ နေရာပေါင်း ၃၀၀၀ ကျော်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အီရန်အပေါ် အမေရိကန်-အစ္စရေး စစ်ဆင်ရေး စတင်ပြီး တစ်လတာအချိန်တွင် ယခုဆန္ဒထုတ်ဖော်မှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။




မြို့တော် ဝါရှင်တန်ရှိ ဆန္ဒပြသူ အများအပြားက အဆိုပါစစ်ဆင်ရေးများကြောင့် ရေနံဈေးများ မြင့်တက်နေခြင်းကို ရပ်တန့်ရန် သို့မဟုတ် ပြစ်တင်ရှုတ်ချရန် တောင်းဆိုသည့်စာတန်းများ ကိုင်ဆောင်ကာ ဆန္ဒထုတ်ဖော်ခဲ့သည်။

အီရန်တွင် မြေပြင်စစ်ဆင်ရေးများ ဖြစ်နိုင်ခြေကို စိုးရိမ်ကြောင်း အသက် ၁၈ နှစ်အရွယ် အမျိုးသား တစ်ဦးက ပြောကြားခဲ့သည်။

စစ်ဆင်ရေးကြောင့် ကမ္ဘာ့ပြည်သူအများအပြား အကြွေးပိုများလာပြီး အမေရိကန်နှင့် အရှေ့အလယ်ပိုင်း၌ သေဆုံးသူ ကလေးငယ်များ ပိုမိုများပြားလာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် အဆုံးသတ်ရန်ခက်ခဲသည့် ရှည်လျားသော ပဋိပက္ခများ ဆက်လက်ဖြစ်လာမည်ကို စိုးရိမ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထရမ့်က စစ်ဆင်ရေးကို ရက်အနည်းငယ်အတွင်း အဆုံးသတ်နိုင်မည်ဟု ထင်မြင်နေပုံရကြောင်း ဗီယက်နမ်စစ်ပွဲအတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် အသက် ၇၀ အရွယ် အမျိုးသားတစ်ဦးက ပြောကြားခဲ့သည်။

အီရန်နိုင်ငံက မမျှော်လင့်ဘဲ ရက်ပေါင်းများစွာတိုင် ပြန်လည်ခုခံတိုက်ခိုက်နေသည့်အတွက် အခက်ကြုံနေရကြောင်းနှင့် လက်ရှိအခြေအနေသည် ဗီယက်နမ်နိုင်ငံနှင့် အလားတူကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

အီရန်နိုင်ငံအပေါ် စစ်ဆင်ရေးဆင်နွှဲမှုသည် နိုင်ငံ၏အခွန်ငွေများကို ဖြုန်းတီးနေခြင်းသာဖြစ်ပြီး နိုင်ငံရပ်ခြားတွင် ဖြစ်ပျက်နေသည့် ကြောက်မက်ဖွယ်ရက်စက်မှုများကို ရပ်တန့်စေချင်ကြောင်း ဆန္ဒထုတ်ဖော်သူ အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးများ အရှေ့အလယ်ပိုင်းပဋိပက္ခနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးမည်

**အစ္စလာမ္မာဘတ် မတ် ၂၉**

ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် တူရကီနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် အရှေ့အလယ်ပိုင်းပဋိပက္ခနှင့်ပတ်သက်၍ အစ္စလာမ္မာဘတ်မြို့၌ တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်နေစဉ် ပါကစ္စတန်ဝန်ကြီးချုပ်သည် အီရန်သမ္မတနှင့် မတ် ၂၈ ရက်တွင် အသေးစိတ် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြောင်း သိရသည်။



ရှာဘတ်ရှာရစ်ဖ်၏ အစိုးရသည် စစ်ပွဲကာလအတွင်း အီရန်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား သတင်းစကားများ အပြန်အလှန်ပေးပို့ရာတွင် ကြားခံအဖြစ် ဆောင်ရွက်ပေးနေပြီး နှစ်နိုင်ငံအကြား အဓိကစေ့စပ်ညှိနှိုင်းပေးသူ ဖြစ်လာသည်။

ရီယာ့ဒ်၊ ကိုင်ရိုနှင့် အန်ကာရာမြို့တို့မှ ထိပ်တန်းသံတမန်များသည် ဒေသတွင်း တင်းမာမှုများ လျှော့ချရေးကြိုးပမ်းမှုများ အပါအဝင် ကိစ္စအတော်များများကို အသေးစိတ်ဆွေးနွေးရန် မတ် ၂၉ ရက်နှင့် ၃၀ ရက်များတွင် ပါကစ္စတန်မြို့တော်သို့ ရောက်ရှိမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

၎င်းတို့ကို ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး အာရှက်ဒါးက လက်ခံတွေ့ဆုံမည်ဖြစ်ပြီး ဝန်ကြီးချုပ် ရှာရစ်ဖ်နှင့်လည်း တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

Mon

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ

## အိန္ဒိယလေကြောင်းကဏ္ဍကို လျင်မြန်စွာ တိုးချဲ့ရန် ကြိုးပမ်းမှုအဖြစ် ဒေလီမြို့တော်၏ ဒုတိယမြောက် အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွင့်လှစ်

**ဒေလီ မတ် ၂၉**

အိန္ဒိယနိုင်ငံ၏ လေကြောင်းကဏ္ဍကို လျင်မြန်စွာ တိုးချဲ့ရန် ကြိုးပမ်းမှု၏အစိတ်အပိုင်းတစ်ခုအဖြစ် ဒေလီမြို့တော်၏ ဒုတိယမြောက် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို မတ် ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နွိုက်ဒါအပြည်ပြည်ဆိုင်ရာလေဆိပ်သည် မြို့တော်နှင့် ၇၅ ကီလိုမီတာ ကွာဝေးပြီး ကနဦးအဆင့်တွင် တစ်နှစ်လျှင် ခရီးသည် ၁၂ သန်းအား ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကာ နောက်ပိုင်းတွင် ခရီးသည် သန်း ၇၀ အထိ တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်မည့် အလားအလာရှိသည်။

အိန္ဒိယနိုင်ငံ၏ လျင်မြန်စွာ တိုးတက်နေသော စီးပွားရေးနှင့် လူဦးရေ ၁ ဒသမ ၄ ဘီလီယံရှိနေခြင်းက ပြည်တွင်းနှင့်ပြည်ပ ခရီးသွားလာရေးအပါအဝင် ကမ္ဘာ့စတုတ္ထအကြီးဆုံးလေကြောင်းဈေးကွက်ဖြစ်လာစေရန် လမ်းစဖွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

STOP AIDS



## တရုတ်အာကာသအေဂျင်စီ၏အစီအစဉ် အဆိုပြုလွှာများကို ဧပြီ ၁ ရက်မှစတင်ကာ ခေါ်ယူသွားမည်ဟု ထုတ်ပြန်ကြေညာ

**ပေကျင်း မတ် ၂၉**

အနာဂတ်အာကာသစခန်း ပျံသန်းမှုများနှင့် လဆင်းသက်ရေး မစ်ရှင်များအတွင်း လူသားများ ရေရှည်ကျန်းမာစွာ ရှင်သန်နိုင်ရေးနှင့်သက်ဆိုင်သည့် အဓိကမဟာဗျူဟာမြောက် အခြေခံကျသော ရေးရှုမြော်မြင်သည့် သိပ္ပံဆိုင်ရာကိစ္စရပ်များကို ရည်ရွယ်၍ အာကာသလူသား သုတေသနအစီအစဉ်အတွက် အဆိုပြုလွှာများကို ဧပြီ ၁ ရက်မှစတင်ကာ ခေါ်ယူသွားမည်ဟု တရုတ်လူလိုက်ပါသည့် အာကာသအေဂျင်စီက ထုတ်ပြန်ကြေညာထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အစီအစဉ်သည် အာကာသ လူသားပြကွက်တစ်ခုဖန်တီးရန်နှင့် အာကာသ လူသားသုတေသန ဒေတာဘေ့စ်တစ်ခုတည်ထောင်ရန်ရည်ရွယ်ပြီး ပတ်လမ်းကြောင်းအတွင်း ရေရှည်တာဝန်ထမ်းဆောင်နေသော အာကာသယာဉ်မှူးများ၏ ကျန်းမာရေးနှင့် ကမ္ဘာမြေပေါ်ရှိ ပြည်သူများအတွက်ပါ အကျိုးရှိစေမည့် ဆန်းသစ်သော သုတေသနရလဒ်များကို ဖော်ဆောင်ပေးမည်ဖြစ်သည်။

ယင်းလုပ်ဆောင်ချက်သည် နိုင်ငံ၏ လေကြောင်းအာကာသစွမ်းအားနှင့် နည်းပညာစွမ်းအားကို အရှိန်အဟုန်မြှင့်တည်ဆောက်ရန် ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

Mon

## တစ်အောင်စ ဒေါ်လာ ၄၁၀၀ အထက်တွင် ဆက်ရှိမနေပါက ရေရှည် ရွှေဈေးနှုန်းကျဆင်းသည့်အဆင့်သို့ ရောက်သွားနိုင်

**စင်ကာပူ မတ် ၂၉**

အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ မြင့်တက်လာခြင်းနှင့် ပဋိပက္ခများ ရှည်ကြာလာခြင်းတို့ကြောင့် ယခုအပတ်အတွင်း ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၁၀၀ အထက်တွင် ဆက်လက်ရှိမနေပါက ရေရှည်ဈေးနှုန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းပဋိပက္ခ စတုတ္ထပတ်အတွင်းသို့ ရောက်ရှိလာစဉ် ယမန်နေ့က ရွှေဈေးနှုန်း ၅ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ပြီး တစ်အောင်စလျှင် ဒေါ်လာ ၄၃၀၀ အောက်သို့ ရောက်ရှိကာ ၂၀၂၆ ခုနှစ်၏ အနိမ့်ဆုံးအဆင့်သို့ ရောက်လာသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ရန် အီရန်နိုင်ငံသို့ နှစ်ရက်တာ အချိန်သတ်မှတ်ပေးခဲ့ပြီး လိုက်နာခြင်းမရှိပါက လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဖုံးကြဲတိုက်ခိုက်မည်ဟု ယခင်အပတ်ကုန်ပိုင်းတွင် သတိပေးခဲ့သည်။



အီရန်နိုင်ငံကလည်း အဆိုပါရေလမ်းကြောင်းကို အပြီးပိတ်ပစ်ရုံသာမက စစ်အခြေစိုက်စခန်းများအပြင် အစိုးရငွေတိုက်စာချုပ်များလက်ဝယ်ရှိထားသည့် အမေရိကန်နှင့် ဆက်နွှယ်သော ဘဏ္ဍာရေးအဖွဲ့အစည်းများကိုပါ ပစ်မှတ်ထားသွားမည်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။

လတ်တလောတွင် ကမ္ဘာ့ရွှေဈေးနှုန်းအတွက် ဒေါ်လာ ၄၂၃၀ နှင့် ၄၁၀၀ ဝန်းကျင်တို့၌ အဓိကအတားအဆီး နှစ်ခုရှိနေပြီး အကယ်၍ ဈေးနှုန်းဒေါ်လာ ၄၁၀၀ အောက်သို့ လျှော့ကျသွားပါက ရွှေဈေးကွက်သည် ရေရှည်ဈေးနှုန်းကျဆင်းသည့် အခြေအနေသို့ ဝင်ရောက်သွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

Mon

## မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြသ

**မကွေး မတ် ၂၉**

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ဝန်ထမ်းများအား မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြသခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးလှိုင်၊ မကွေးတိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးစောနိုင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးက မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာအချက်အလက်များကို အသိပညာပေး ရှင်းလင်းခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အချက်အလက်များအား Power Point Presentation ဖြင့် ရှင်းလင်းပြောခဲ့ကြပြီး တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရှေးဦး မီးငြှိမ်းသတ်ရေးပစ္စည်းဖြစ်သော မီးသတ်ဆေးဘူးကို နည်းစနစ်မှန်ကန်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေးသရုပ်ပြသခြင်း၊ "191" Application အသုံးပြုပုံ၊ Gas Fire မီးလောင်နေမှုအား ငြှိမ်းသတ်မှု သရုပ်ပြခြင်း၊ ဆီမီးလောင် ငြှိမ်းသတ်မှုလက်တွေ့သရုပ်ပြခြင်းများကို ဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ထမ်းများက ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဓပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ဟိုပုံး မတ် ၂၉**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၁၃ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၃ ရက် နံနက် ၈ နာရီ မိနစ် ၅၀ မှ နံနက် ၁၀ နာရီခွဲအထိ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ ဖက်ရမ်းလေးကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း လေးဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၉ နာရီခွဲမှ နံနက် ၁၀ နာရီခွဲအထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ သိန်လာပြားကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း သုံးဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ အထိ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ လွယ်မန်းကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ခြောက်ဧကခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ဒိုက်ဦး မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၃ ရက် နံနက် ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၆၅ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အုတ်ရှစ်ကုန်း အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်နေ ဦးဖြိုးပြည့်အောင်(၃၂)နှစ်ဆိုသူ မောင်းနှင်လာသည့် MG-5 EV မော်တော်ယာဉ်သည် ရန်ကုန်မြို့မှ မန္တလေးမြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ လားရာတူ ၄င်းအရှေ့မှ ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့နေ ဒေါ်ခင်လေးမွန်(၄၅)နှစ် ဆိုသူ မောင်းနှင်ပြီး တစ်မြို့တည်းနေ ဒေါ်ခင်ခင်ရီ(၅၄)နှစ်ဆိုသူ လိုက်ပါလာသည့် PROBOX မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်ခင်လေးမွန်နှင့် ဒေါ်ခင်ခင်ရီဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဖြိုးပြည့်အောင်ဆိုသူအား အုတ်ရှစ်ကုန်း အမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။


## ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၈၄၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မတ် ၁၉ ရက် နံနက် ၇နာရီ မိနစ် ၄၀တွင် ကွန်ဟိန်းမြို့နယ်၊ဆိုင်းမွန်ကျေးရွာအနီး၊ကွန်ဟိန်း-ခိုလမ်သွား ကားလမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် စိုင်းလိန်ခမ်းဆိုသူ မောင်းနှင်ပြီး စိုင်းဆိုင်ဝမ်းလိုက်ပါလာသည့် TOYOTA PROBOX အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သို၀ှက်သယ်ဆောင်လာသော ဘိန်းဖြူဘလောက်တုံး ၂၀၀၊ အလေးချိန် ကီလို ၇၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၁၁ နာရီခွဲတွင် အဆိုပါ ဘိန်းဖြူဘလောက်တုံးများ သယ်ဆောင်ခိုင်းသူ စိုင်းခမ်းရွက်(ခ)စိုင်းရွက်ဆိုသူအား ၄င်းနေထိုင်သည့် ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ ရပ်ကွက်(၅)ရှိ နေအိမ်တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စိုင်းလိန်ခမ်း(၂၃)နှစ်၊ စိုင်းဆိုင်ဝမ်း(၂၆)နှစ်ဆိုသူနှင့် စိုင်းခမ်းရွက်(ခ)စိုင်းရွက် (၃၁) နှစ်ဆိုသူတို့အား ကွန်ဟိန်းမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ရေးမြို့နယ်တွင် ငွေကျပ် သိန်း ၅၇၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ


**နေပြည်တော် မတ် ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မတ် ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် ရေးမြို့နယ်၊ ချောင်းတောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ဒေဝါစိုး(ခ)ကလိုင်းဆိုသူ မောင်းနှင်လာသည့် TOYOTA HI-LUX VIGO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သို၀ှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀,၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒေဝါစိုး(ခ)ကလိုင်း(၃၄)နှစ် ဆိုသူအား ရေးမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရအမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





# ပုသိမ်ကြီးမြို့၌ ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ စတင်ဖြေဆို

**ပုသိမ်ကြီး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ စတင်ဖြေဆိုခြင်းကို ယနေ့ မွန်းတည့် ၁၂ နာရီက သီရိမင်္ဂလာသရက်တောကျောင်းတိုက်၌ ရဟန်း၊ သီလရှင် စုစုပေါင်း ၅၉၄ ပါး ဖြေဆိုတော်မူကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စာမေးပွဲ ဖြေဆိုရာတွင် ပထမကြီးတန်းစာရင်းရှိ ၈၁ ပါး၊ ဖြေဆို ၆၂ ပါး၊ ပျက်ကွက် ၁၉ ပါး၊ ပထမလတ်တန်း စာရင်းရှိ ၁၁၅ ပါး၊ ဖြေဆို ၈၅ ပါး၊ ပျက်ကွက် ၃၀ ပါး၊ ပထမငယ်တန်း စာရင်းရှိ ၁၈၇ ပါး၊ ဖြေဆို ၁၄၅ ပါး၊ ပျက်ကွက် ၄၂ ပါး၊ အခြေပြုမူလတန်း စာရင်းရှိ ၄၁၁ ပါး၊ ဖြေဆို ၃၀၂ ပါး၊ ပျက်ကွက် ၁၀၉ ပါးရှိကြောင်း စာဖြေဌာန ကြီးကြပ်ရေးမှူး ဆရာတော်ဦးလက္ခဏာထံမှ သိရသည်။

စာမေးပွဲဖြေဆိုရာသို့ မြို့နယ်သံဃနာယကအဖွဲ့ နာယကဆရာတော်ကြီးများ၊ ဥက္ကဋ္ဌ ဆရာတော်ဦးဥတ္တမနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ၊ စာဖြေဌာန တာဝန်ကျဆရာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးမှူး ဦးအောင်မင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက စာဖြေသံဃာနှင့် သီလရှင်များအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စာနည်းကိုကို(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**ပင်းတယ မတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့လယ် မြို့နယ်ဓမ္မာရုံကြီးတွင် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ကျင်းပသည်။ **(အောက်ယာပုံ)**

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို ပင်းတယမြို့နယ် ပရိယတ္တိစာသင်တိုက်များမှ ပထမကြီးတန်း စာရင်းရှိ ၁၀ ပါး၊ ဖြေဆို ၁၀ ပါး၊ ပထမလတ်တန်း စာရင်းရှိ ၂၄ ပါး၊ ဖြေဆို ၂၄ ပါး၊ ပထမငယ်တန်း စာရင်းရှိ ၅၆ပါး၊ ဖြေဆို ၅၆ ပါး၊ အခြေပြုမူလတန်း စာရင်းရှိ ၈၉ ပါး၊ ဖြေဆို ၇၄ ပါး၊ ပျက်ကွက် ၁၅ ပါး စုစုပေါင်းစာရင်းသွင်း ၁၇၉ ပါး၊ ဖြေဆို ၁၆၄ ပါး၊ ပျက်ကွက် ၁၅ ပါးရှိသည်။

၂၀၂၆ ခုနှစ် အစိုးရပထမပြန်စာမေးပွဲတွင် စာမေးပွဲကြီးကြပ်ရေး ဆရာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ စာမေးပွဲကာလအတွင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် မြို့နယ်အတွင်းရှိ စေတနာရှင်၊ အလှူရှင်များက လှူဖွယ်ပစ္စည်းနှင့် ဆွမ်းများ ဆက်ကပ်လှူဒါန်းပေးလျက်ရှိပြီး ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၃၃၈)



# ပခုက္ကူမြို့၌ ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော်အတွက် ဆိုင်ခန်းတချို့ဖွင့်လှစ်၍ စတင်ရောင်းချနေပြီဖြစ်

**ပခုက္ကူ မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီးကိုယ်တိုင် တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင်သီဟိုဠ်ရှင် မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းရာနှုန်းပြည့် ကပ်လှူပူဇော်ပြီးစီးမှုအထိမ်းအမှတ် ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော်အတွက် ဈေးဆိုင်ခန်းတချို့ မတ် ၂၇ ရက်က ဖွင့်လှစ်ပြီး စတင်ရောင်းချနေကြပြီဖြစ်သည်။

**(အောက်ယာပုံ)**

"ပခုက္ကူမြို့၊ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှု အောင်ပွဲအထိမ်းအမှတ်အဖြစ် ၂၀၂၆ ခုနှစ်၊ မတ် ၂၇ရက်မှ ဧပြီ ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ ပွဲတော်ကာလများအတွင်း ဈေးဆိုင်ခန်းပေါင်း ၃၀၀ ခန့်ဖြင့် အညာဒေသထွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည် ဒီဇိုင်းမျိုးစုံ၊ ကလေးကစားစရာပစ္စည်းမျိုးစုံ၊ တောင်သူလယ်သမားသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းအရောင်းဆိုင်များနှင့် မုန့်ဆိုင်တန်းများဖြင့် ရပ်နီး၊ ရပ်ဝေးမှ ဈေးသည်များနှင့် ဒေသခံဈေးသည်များပါဝင်သော ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော်အပြင် မိဘပြည်သူများ စိတ်အပန်းပြေနိုင်စေရေးအတွက် ကလေးကစားစရာနေရာများ၊ ပင်လယ်ဓားပြအပါအဝင် အပျော်စီးနေရာများ စီစဉ်ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ မတ် ၂၇ ရက်မှ စတင်ကာ ဈေးဆိုင်ခန်း ၁၀၀ခန့်လောက် ဖွင့်လှစ်ပြီး ရောင်းချနေကြပြီဖြစ်ကြောင်း၊ လက်ရှိတွင် မြန်မာ့ရိုးရာခြင်းလုံး အလုခတ်စွမ်းရည်ပြပွဲ ကျင်းပလျက်ရှိပြီး မတ် ၃၀ ရက်မှ ဧပြီ ၁ရက်အထိ မန္တလေးအားမာန်သစ်ဇာတ်အဖွဲ့နှင့် ဧပြီ ၅ ရက်မှ ၇ ရက်အထိ မန္တလေးကောင်းစစ်ဟိန်းဇာတ်အဖွဲ့တို့၏ ဇာတ်အလှသဘင်ဖျော်ဖြေရေးအစီအစဉ်များ၊ ဧပြီလ ၁ ရက်တွင် ဘုရားအနေကဇာတင် ဗုဒ္ဓပူဇနိယပွဲတော်၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ၊ ရေစက်ချတရားပွဲနှင့် စတုဒိသာကျွေးမွေးခြင်း၊ သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်တော်လောင်းလှူပွဲတို့ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း" ဘုရားကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှဖုန်းက ပြောသည်။

ပခုက္ကူမြို့၊ သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်မှစတင်ပြီး ငြမ်းလုပ်ငန်း၊ ပြဒါးခံသစ်ဆေးသုတ်လုပ်ငန်းနှင့် ရွှေဆိုင်းချခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း စသည်ဖြင့် အပိုင်း(၃)ပိုင်းခွဲကာ လုပ်ငန်းများအရည်အသွေးပြည့်မီကောင်းမွန်စေရေးနှင့် ရာနှုန်းပြည့်ပြီးစီးနိုင်ရေးအတွက် ပခုက္ကူမြို့ရှိ ထေရ်ကြီးဝါကြီးဆရာတော်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဘုရားကြီးဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်ပြည်သူများစုပေါင်း၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ မတ် ၂၇ ရက်တွင် အောင်ပွဲအထိမ်းအမှတ်ဖွင့်ပွဲနှင့် ဓမ္မသဘင်ဆည်းဆာအထူးတရားပွဲတော်များ ကျင်းပခဲ့ကြောင်း သိရသည်။

(၃၄၀)





# (၄၃)ကြိမ်မြောက် အစိုးရပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**ဟိုပုံး မတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် (၄၃)ကြိမ်မြောက် အစိုးရပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက သီရိမင်္ဂလာသာသနာ့ဗိမာန်တွင် ကျင်းသည်။

**(အပေါ်ပုံ)**

အစိုးရပါဠိပထမပြန်စာမေးပွဲကို ဟိုပုံးမြို့နယ်မှ ပထမကြီးတန်းစာရင်းရှိ ၂၅ ပါး၊ ဖြေဆို ၂၃ ပါး၊ ပထမလတ်တန်း စာရင်းရှိ ၅၇ ပါး၊ ဖြေဆို ၅၃ ပါး၊ ပထမငယ်တန်း စာရင်းရှိ ၈၃ ပါး၊ ဖြေဆို ၇၈ ပါး၊ အခြေပြုမူလတန်း စာရင်းရှိ ၂၈၅ ပါး၊ ဖြေဆို ၂၆၈ ပါး စုစုပေါင်း စာရင်းသွင်း ၄၅၀ ပါး၊ ဖြေဆို ၄၂၂ ပါး၊ ပျက်ကွက် ၂၈ ပါးရှိသည်။

ပါဠိပထမပြန်စာမေးပွဲတွင် စာမေးပွဲကြီးကြပ်ရေးဆရာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး စာမေးပွဲကာလအတွင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် မြို့နယ်အတွင်းရှိ စေတနာရှင်၊ အလှူရှင်များက လှူဖွယ်ပစ္စည်းနှင့် ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Daisy

၀-၀-၀-၀-၀

# နွေရာသီကျောင်းပိတ်ရက်တွင် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်လျက်ရှိ

**မန္တလေး မတ် ၂၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူလေးများ အသိပညာ၊ အတတ်ပညာသာမက ကိုယ်ကျင့်တရားနှင့် ယဉ်ကျေးမှုမြင့်မားလာစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ လိမ္မာရေးခြားရှိစေရန် ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၅)ရပ်ကွက်ရှိ ရွှေဘုန်းရောင်ဓမ္မာရုံတွင် သင်ကြားလျက်ရှိသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းတွင် တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးအား ချမ်းမြသာစည်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းနှင့် အဖွဲ့ဝင်များက ကျောင်းသုံးဗလာစာအုပ်များ၊ ဘောလ်ပင်များ ထောက်ပံ့လှူဒါန်းခဲ့ပြီး ကြာဆံကြော်များကို အာဟာရဒါန ဝေငှခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ဆက်)**




## ဖိုဒန် ယခုနှစ်ဘောလုံးရာသီကုန်တွင် မန်စီးတီးအသင်းမှ ထွက်ခွာဖွယ်ရှိ



**လန်ဒန် မတ် ၂၉**

ကွင်းလယ်ကစားသမား ဖိုဒန်သည် ပုံမှန်ပွဲထွက်ခွင့်နည်းပါးနေခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် မန်စီးတီးအသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ဖိုဒန်သည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၀ ပွဲကစားပြီး ၁၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ဖိုဒန်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း မန်စီးတီးအသင်းမှ အမှန်တကယ် ထွက်ခွာသွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။(ဝဲပုံ) (NGB)

## စတယ်လာကို စာချုပ်သက်တမ်းတိုးရန် စတုဂတ်အသင်း စီစဉ်

**လန်ဒန် မတ် ၂၉**

စတုဂတ်အသင်းသည် အသင်းကွင်းလယ်ကစားသမား စတယ်လာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

ကွင်းလယ်ကစားသမား စတယ်လာသည် စတုဂတ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၃ ပွဲကစားပြီး တစ်ဂိုးသွင်းယူထားသည်။

စတုဂတ်အသင်း၏ထုတ်ပြန်ချက်တွင် 'စတယ်လာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်' ဟု ထုတ်ပြန်သည်။ (NGB)





## ဘယ်လ်ဂျီယံအသင်းက အမေရိကန်အသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် မတ် ၂၉**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘယ်လ်ဂျီယံအသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘယ်လ်ဂျီယံအသင်းက အမေရိကန်အသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ဇီနို၊ ပွဲချိန် ၅၃ မိနစ်တွင် အိုနာနာ၊ ပွဲချိန် ၅၉ မိနစ်တွင် ကီတယ်လာရီ၊ ပွဲချိန် ၆၈ မိနစ်နှင့် ၈၂ မိနစ်တွင် လူကီအိုတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။ (အပေါ်ပုံ)

ဘယ်လ်ဂျီယံအသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဧပြီ ၁ရက်တွင် မက္ကဆီကိုအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

## နည်းပြ ရှောင်ဒိုက်ချ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် စပါးအသင်းစီစဉ်



**လန်ဒန် မတ် ၂၉**

စပါးအသင်းသည် အသင်းနည်းပြ တူဒေါအား ရာထူးမှ ထုတ်ပယ်ပြီး နည်းပြ ဒီဇာဘီအား ခန့်အပ်ရန် စီစဉ်ခဲ့သော်လည်း ငြင်းပယ်ခံရပြီးနောက် နည်းပြ ရှောင်ဒိုက်ချ်အား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ထပ်မံစီစဉ်လာခဲ့သည်။ (ဝဲပုံ)

အသက်(၅၄)နှစ်အရွယ်ရှိ နည်းပြ ရှောင်ဒိုက်ချ်သည် အဲဗာတန်၊ နော်တင်ဟမ်၊ ဘန်လေ၊ ဝက်ဖို့ဒ်စသည့် အင်္ဂလန်ကလပ်အသင်းများအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် စပါးအသင်းက နည်းပြသစ်အဖြစ် ခန့်ပါရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ရှောင်ဒိုက်ချ်သည် လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် စပါးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နည်းပြရှောင်ဒိုက်ချ်အား စပါးအသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ပေါ်တူဂီအသင်းနှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

* အင်တာမိုင်ယာမီအသင်းသည် မန်ယူအသင်းမှ ထွက်ခွာမည်ဖြစ်သော ကက်စီမီရိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ (NGB)

## ပါဗလိုဗစ်ချ်ကို ခေါ်ယူရန် ချဲလ်ဆီးအသင်း စီစဉ်

**လန်ဒန် မတ် ၂၉**

ချဲလ်ဆီးအသင်းသည် အေစီမီလန်အသင်း နောက်ခံကစားသမား ပါဗလိုဗစ်ချ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၄ ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အေစီမီလန်အသင်းကလည်း ပါဗလိုဗစ်ချ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် အေစီမီလန်အသင်းထံမှ ပါဗလိုဗစ်ချ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ယာပုံ)
(NGB)

0-0-0-0-0



## ပါနီချယ်လီ ကြွက်သားစုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**ပါရီ မတ် ၂၉**

အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့် စထရာဘော့စ်အသင်းတိုက်စစ်မှူး ပါနီချယ်လီသည် ညာဘက် ACL ကြွက်သားစုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိသည်။

အဆိုပါ တိုက်စစ်မှူးသည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့် လေ့ကျင့်မှုများ ပြုလုပ်နေစဉ် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

တိုက်စစ်မှူး ပါနီချယ်လီ ဒဏ်ရာရရှိခြင်းကြောင့် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အာဂျင်တီးနားလက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် စထရာဘော့စ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး ပါနီချယ်လီသည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ခြေစွမ်းပြထားသလို စထရာဘော့စ်အသင်းနှင့်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲ စုံ ၃၈ ပွဲ ကစားပြီး ၁၈ဂိုး သွင်းယူထားသည်။ (NGB)



## မန်ယူအသင်းနှင့် ထွက်ပေါ်နေသော သတင်းများသည် ကောလာဟလများသာဖြစ်ဟု နည်းပြ အန်နရီကေးလ် ပြောကြား

**ပါရီ မတ် ၂၉**

ပီအက်စ်ဂျီအသင်းနည်းပြ အန်နရီကေးလ်က မိမိအနေဖြင့် မန်ယူအသင်းအား ပြောင်းလဲကိုင်တွယ်မည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ပျော်ရွှင်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နည်းပြသည် မန်ယူအသင်း၏ကမ်းလှမ်းမှုကိုလည်း ပယ်ချခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။



နည်းပြ အန်နရီကေးလ်သည် ပီအက်စ်ဂျီအသင်းအား ၂၀၂၃ ခုနှစ် ဇူလိုင် ၅ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၆၁ ပွဲတွင် ၁၀၉ ပွဲ နိုင်၊ ၂၉ ပွဲသရေ၊ ၂၃ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၅၅)နှစ်အရွယ်ရှိ နည်းပြ အန်နရီကေးလ်က 'ကျွန်တော် မန်ယူကို ကိုင်တွယ်မယ်ဆိုတဲ့ သတင်းတွေက ကောလာဟလတွေပါ။ ဒီအသင်းမှာပဲ ပျော်ရွှင်နေပါတယ်။ ပီအက်စ်ဂျီအသင်းနဲ့အတူ ဆုဖလားများစွာ ရယူသွားမှာပါ' ဟု ပြောသည်။

(ဝဲပုံ)
(NGB)

0-0-0-0-0

## 2026 Miami Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Aryna Sabalenka ဆွတ်ခူး

**မိုင်ယာမီ မတ် ၂၉**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဘီလာရုတင်းနစ်မယ် Aryna Sabalenka က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဘီလာရုတင်းနစ်မယ် Aryna Sabalenka သည် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff အား ၆-၂၊ ၄-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ Aryna Sabalenka က 'ကျွန်မ အခုလို 2026 Miami Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အခုလို ဆုတွေထပ်မံ ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ကျွန်မကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်' ဟု ပြောသည်။ (အောက်ပုံ)(NGB)



# စစ်ကိုင်းမြို့တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနား ကျင်းပ



**စစ်ကိုင်း မတ် ၂၉**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့် အောက်မေ့ဖွယ် အခမ်းအနားကို မတ် ၂၈ ရက် မွန်းလွဲ ၁၂နာရီခွဲက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ငလျင်ဘေးသင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရှန်းကန်နိုးထလာသည့် ငလျင်ကြားမှ မြို့ရွှေစစ်ကိုင်း Video Clip အား ပြသခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ် နှစ်မိနစ်ခန့် ငြိမ်သက်ကြပြီး ငလျင်ဘေးဒဏ်မှ အသက်ရှင်လျက် လွတ်မြောက်လာသည့် ပြည်သူနှစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်က မြန်မာနိုင်ငံနှင့် ငလျင်အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(စစ်ကိုင်း)မှ ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာလှမျိုးအောင်က ငလျင်ဒဏ်ခံ အဆောက်အအုံများ တည်ဆောက်ရန်အတွက် လိုက်နာရမည့် အချက်များကို အသီးသီး ဟောပြောဆွေးနွေးခဲ့သည်။ အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ပြသထားသည့် နံရံကပ်ပြ ဘုတ်များနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

နံနက်ပိုင်းတွင်လည်း စစ်ကိုင်းမြို့ ရတနာစေတီ ဆင်များရှင် ဘုရားသာသနာ့ဗိမာန်၌ မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့် သံဃာတော်များ ဆွမ်းဆက်ကပ်ခြင်း အခမ်းအနားကို ကျင်းပခဲ့ရာ သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့် အလှူရှင်များက စစ်ကိုင်းမြို့ရှိ ဘုရားစေတီများပြုပြင်ရန်အတွက် အလှူငွေကျပ် သိန်း ၂၅၄၀ ကို လှူဒါန်းခဲ့ပြီး ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**



# မန္တလေးငလျင်ကြီး တစ်နှစ်ပြည့် အထိမ်းအမှတ် အန္တရာယ်ကင်းပရိတ်တော်များ လှည့်လည်ရွတ်ဖတ်ပူဇော်

**မြစ်သား မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်၌ ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီး တစ်နှစ်ပြည့် အထိမ်းအမှတ် လှည့်လည်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းကို မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်က မြစ်သားမြို့ပေါ် (၆) ရပ်ကွက်နှင့် ကူမဲမြို့အတွင်း ကားဖြင့် လှည့်လည်၍ ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း ဆောင်ရွက်ခဲ့သည်။

မန္တလေးငလျင်ကြီး တစ်နှစ်ပြည့် အထိမ်းအမှတ် ပရိတ်တော်များ လှည့်လည်ရွတ်ဖတ် ပူဇော်ရာတွင် မြစ်သားမြို့နယ် သံဃနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကေလာသ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ မြစ်သားမြို့ပေါ် (၆)ရပ်ကွက်အတွင်းနှင့် ကူမဲမြို့အတွင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် အန္တရာယ်ကင်း ပရိတ်တရားတော်များအား ကားဖြင့် ပရိတ်တော်များ လှည့်လည်ရွတ်ဖတ် ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့သည်။ အန္တရာယ်ကင်းပရိတ်ရွတ် ဆရာတော်၊ သံဃာတော်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ အချိုရည်၊ ရေသန့်ဘူးများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝါဝါမြင့်(မြစ်သား)**

*- *- *- *- *

# Fire Hotspots များ ဖြစ်ပေါ်ခဲ့သည့် ကျေးရွာအုပ်စုများသို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**တာချီလိတ် မတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်အတွင်း Fire Hotspots မီးလောင်မှု များပြားခဲ့သည့် လွယ်တော်ခမ်းကျေးရွာ အုပ်စု၊ ကြိုးတံတားကျေးရွာသို့ ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ပြည့်ဝေဇင်နှင့် ဦးရှိုင်းဟိန်းကျော်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့များက မတ် ၂၄ရက်တွင် Fire Hotspot ဖြစ်ပေါ်ခဲ့သည့် တာချီလိတ်မြို့မှ (၂၁)မိုင်ခန့်အကွာ လွယ်တော်ခမ်းကျေးရွာ အုပ်စု၊ ကြိုးတံတားကျေးရွာ အနီးရှိ (20.3861 N 99.695 E, 20.3931 N , 99. 6939 E, 20.3943 N, 99.6946 E) Hotspots point သုံးနေရာသို့ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း များ ဆောင်ရွက်ခဲ့ကြသည်။



ထို့နောက် ကွင်းဆင်းအဖွဲ့ တာဝန်ရှိသူများ၏ စစ်ဆေးတွေ့ရှိချက်အရ တောင်ယာမီးရှို့ရာမှ Fire Hotspot များ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး နောင်အလားတူ မီးရှို့ခြင်းများ မပြုလုပ်စေရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးအား အထူးကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားကာ သက်ဆိုင်ရာ ဌာနများအလိုက် အသိပညာပေး ဟောပြော၍ ဒေသခံပြည်သူ ၇၀ ဦးအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ငှက်ပျောစိုက်ပျိုးတောင်သူများ ဈေးကောင်းရရှိ၍ လုပ်ငန်းအဆင်ပြေ

**ပွင့်ဖြူ မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ငှက်ပျောဈေးကောင်း ရရှိနေသည့်အတွက် ငှက်ပျောစိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ဒေသမှာ ငှက်ပျောဈေးကွက် ကောင်းမွန်လာတဲ့အတွက် ငှက်ပျောစိုက်တောင်သူတွေ လုပ်ငန်းအဆင်ပြေကြတယ်။ စိုက်ပျိုးရေ အဆင်ပြေတဲ့အတွက်ကြောင့် ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းက ဖြစ်ထွန်းအောင်မြင်မှုလည်း ရှိပါတယ်။ လက်ရှိမှာ ဖီးကြမ်းငှက်ပျော တစ်ဖီးကို ငွေကျပ် ၃၀၀၀-၃၅၀၀ ဈေးနဲ့ ရောင်းချနေရပါတယ်။ ဖီးကြမ်းငှက်ပျောက လူကြိုက်များပြီး အရောင်းအဝယ်သွက်တာကြောင့် တောင်သူတွေ ပိုပြီး အားထားစိုက်ပျိုးကြတယ်။ ငှက်ပျောသီးနှံကို စနစ်တကျ စိုက်ပျိုးလုပ်ကိုင်ပါက နှစ်သီးစားဝင်ငွေရရှိတဲ့ သီးနှံဖြစ်လို့ စိုက်ပျိုးလုပ်ကိုင်သင့်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်၊ သမန်းရင်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံပြည်သူများသည် စိုက်ပျိုးရေ အဆင်ပြေမှုကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး အဓိက စိုက်ပျိုးသည့် သီးနှံများမှာ စပါး၊ ဆီထွက်သီးနှံစုံ၊ ပဲမျိုးစုံသီးနှံ၊ စားဖိုဆောင်သီးနှံစုံနှင့် ဘုရားပန်းမျိုးစုံတို့ကို စိုက်ပျိုးကြကြောင်း၊ အချို့တောင်သူများက မိသားစုဝင်ငွေ တိုးပွားရေးအတွက် စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးချပြီး ငှက်ပျော၊ သင်္ဘော၊ ပိန္နဲ၊ သရက် စသည့် သစ်သီးဝလံစိုက်ပျိုးရေးကို စိုက်ပျိုး လုပ်ကိုင်ကြကြောင်း သိရသည်။

(၄၄၅)

# စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုရေး အထောက်အပံ့ပေးရေးသင်တန်း ဆက်လက်ပို့ချ

**ကျောက်ဆည် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည် မြို့နယ်တွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးခြင်း(မြို့နယ်အဆင့်) သင်တန်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် (ဒုတိယ)နေ့အဖြစ် ဆက်လက်ကျင်းပခဲ့သည်။

သင်တန်းကို သင်တန်းကျင်းပရေးလုပ်ငန်းကော်မတီဖွဲ့စည်း၍ ကြီးကြပ်သူတစ်ဦး၊ သင်တန်းနည်းပြ ၁၈ ဦး၊ ရုံးအဖွဲ့ နှစ်ဦးဖြင့် ဖွင့်လှစ်ထားရှိ၍ သင်တန်းသား၊ သင်တန်းသူ ၂၁၂ ဦး တက်ရောက်လျက်ရှိ၍ သင်တန်း တက်ရောက်ခြင်းဖြင့် ကျောင်းများနှင့် အခြားသော ပညာသင်ယူရေး ဌာနများတွင် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးအထောက် အပံ့ပေးခြင်း အရေးကြီးပုံနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ လုပ်ငန်းအမျိုးမျိုးကို နားလည်သဘောပေါက်ပြီး ထိုလုပ်ငန်းများကို တစ်ကျောင်းလုံးနှင့်ဆိုင်သည့် ပုံမှန်လုပ်ငန်းတစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ရာ၌ ဦးဆောင်နိုင်ခြင်း၊ကျောင်းကလေးများအား စိတ်ပိုင်းဆိုင်ရာ၊ကနဦး ကူညီစောင့်ရှောက်မှုပေးနိုင်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ ကျောင်းတွင်းဆွေးနွေးပွဲများကို ဦးဆောင်ဆွေးနွေးနိုင်ခြင်းအသိပညာပေးဆွေးနွေးမှုများနှင့် စည်းရုံးမှုများလုပ်ဆောင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၅)**



# ပျော်ဘွယ်မြို့နယ်၌ မန္တလေးလျှင်ကြီးလှုပ်ခတ်ခဲ့မှု တစ်နှစ်ပြည့် အထိမ်းအမှတ် ပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်

**ပျော်ဘွယ် မတ် ၂၉**

ပျော်ဘွယ်မြို့နယ်၌ ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး တစ်နှစ်ပြည့်အထိမ်းအမှတ် ပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်ခြင်းကို မတ် ၂၈ ရက် ညနေ ၅ နာရီက မြို့ပေါ်ရပ်ကွက်များသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ဆောင်ရွက်ခဲ့ကြသည်။

မန္တလေးငလျင်ကြီး တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဂုဏာစာရ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များ၊ ဝတ် အသင်းအဖွဲ့များက ပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးနှင့် တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်များ အသုံးပြု၍ ပရိတ်ရေ ပက်ဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**



# သင်္ကြန်အတာအိုးများ ရောင်းအားကောင်းပြီး ဈေးကောင်းရရှိနေ

**မန္တလေး မတ် ၂၉**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် နီးကပ်လာသည်နှင့်အမျှ အတာသင်္ကြန်အိုးများ ရောင်းအား တိုးတက်လာပြီး ဈေးနှုန်းလည်း ကောင်းစွာ ရရှိနေကြောင်း အိုးပြုလုပ်ရောင်းချသူများထံမှ သိရသည်။

အတာသင်္ကြန်အိုးများကို နှစ်စဉ် ဖေဖော်ဝါရီလမှ စတင်၍ ဧပြီလ ပထမပတ်အထိ ထုတ်လုပ်ရောင်းချလေ့ရှိကြပြီး ယခုနှစ်တွင်လည်း ဝယ်လိုအားတိုးလာသဖြင့် အချိန်မီ ဖြည့်ဆည်းနိုင်ရန် အလုပ်များနေကြကြောင်း သိရသည်။


အတာသင်္ကြန်အိုးပြုလုပ်ရောင်းချသူ ဦးနေဇော်က "အိုးတွေကို ထန်းဆွဲမြူအိုးတစ်ဝက် လောက်ပဲ လုပ်ကြတယ်။ ဒီနှစ်တော့ ဝယ်သူများလာလို့ အလုပ်ပိုရှုပ်နေတယ်။ ဈေးကလည်း မနှစ်ကထက် ကောင်းတယ်"ဟု ပြောသည်။ (အောက်ပုံ)

မြန်မာ့ရိုးရာအတိုင်း သင်္ကြန်မတိုင်မီ တစ်ရက်အလိုမှစ၍ အိမ်တိုင်းတွင် အတာသင်္ကြန်အိုးများကို ရေသန့်စင်ပြီး ရာသီပေါ်ပန်းများဖြင့် အလှဆင်ကာ မဟာသင်္ကြန်ပွဲတော်ကို ကြိုဆိုလေ့ရှိကြသည်။ အထူးသဖြင့် မြို့ပြနှင့် ကျေးလက်ဒေသများတွင် အိမ်တိုင်းနီးပါး အတာအိုးတင်ခြင်းကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်နေသည်။

ထို့ပြင် သင်္ကြန်အကြတ်နေ့၊ အတက်နေ့နှင့် နှစ်ဆန်းတစ်ရက်နေ့များတွင် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်နှင့် ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကာ အန္တရာယ်ကင်းရှင်းစေရန် ဆုတောင်းပေးလေ့ရှိကြသည်။

ပရိတ်အိုးများအတွင်း အပ်ချည်၊ သန့်စင်ထားသောသဲ၊ ရေ၊ ကျောက်စရစ်ခဲဖြူများနှင့် ပရိတ်ပန်းများ ထည့်သွင်းထားပြီး အဆိုပါပရိတ်သဲများကို အိမ်ခြံ၊ လမ်းမများပတ်လည်တွင် ပက်ကြဲကာ ပရိတ်ရေများကိုလည်း ဖျန်းပက်ကြသည်။ နှစ်သစ်တွင် အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်း ဖြစ်သည်။

ယခုကဲ့သို့ ရောင်းအားကောင်းလာခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ဆက်လက်ထိန်းသိမ်းလိုသော စိတ်ဓာတ်များရှိနေခြင်းကို ပြသနေပြီး ဒေသခံလက်မှုလုပ်ငန်းရှင်များအတွက်လည်း ဝင်ငွေတိုးမြှင့်စေသော အခွင့်အလမ်းတစ်ရပ်ဖြစ်လာနေကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**



# မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နှင့် မြို့တွင်းသင်္ကြန် ရေကစားမဏ္ဍပ်များ ပိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်တွင် ကျရောက်သော မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မန္တလေးနန်းမြို့ ကျုံးပတ်လည်နှင့် မန္တလေးမြို့တော်အတွင်း အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီမံထားရှိပါသည် -

(က) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ကျုံးအနောက်ဘက်ခြမ်း လမ်း ၈၀၊ ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းနှင့် ကျုံးမြောက်ဘက်ခြမ်း ၁၂ လမ်း ကျုံးပတ်လည်တွင် လမ်းလျှောက်သင်္ကြန်ကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ်၍ နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေကာ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ခ) ၇၃ လမ်းတစ်လျှောက် သဇင်လမ်းမှ ငုရွှေဝါလမ်းအထိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ရှေ့တွင် လောင်းလှေများ၊ ကြယ်ပွင့်များ၊ ပန်းအလှခြင်းများ၊ ရောင်စုံထီးများ၊ မြန်မာ့ရိုးရာ သနပ်ခါး သင်္ကြန် အစီအစဉ်များဖြင့် အလှဆင်ဆောင်ရွက်မည့်အပြင် ရေကစားမဏ္ဍပ်အသေးများ ဆောက်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ဂ) မန္တလေးမြို့တော်အတွင်းနှင့် ကျုံးပတ်လည်နေရာများတွင် ရေကစားမဏ္ဍပ် ဆောက်လုပ်၍ ရေပက်ကစားလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

(ဃ) ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နေရာများတွင် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်ခြင်း လုံးဝခွင့်မပြုပါ။

၂။ သို့ဖြစ်ပါ၍ မန္တလေးမြို့ပေါ် (၆)မြို့နယ်ရှိ လမ်းမကြီးများနှင့် မန္တလေး နန်းမြို့ ကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရေကစားလိုသူများအနေဖြင့် ရေကစားရန်နေရာများကို **"မည်သည့်အစွန်အစများ ပေးသွင်းရန် မလိုဘဲ"** ဦးရာလူစနစ်ဖြင့် ပုဂ္ဂလိကသင်္ကြန်မဏ္ဍပ်များ ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေး လုပ်ငန်းများ စနစ်တကျရှိစေရေး လုပ်ငန်းကော်မတီ၊ ဖုန်းနံပါတ် ၀၉-၂၆၂၂၉၁၃၇၄၊ ၀၉-၂၅၆၃၇၈၆၅၄ တို့ထံသို့ **(၉-၄-၂၀၂၆)**ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဗဟိုကော်မတီ။**

# တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် CTME ကျင်းပ

**မန္တလေး မတ် ၂၉**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီးတို့ ပူးပေါင်းစီစဉ်ကျင်းပသော တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်ကို မတ် ၂၅ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဖိုရွှေကျင်ရပ်ကွက်ရှိ ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေါ်ရင်ရင်သီ(ဂုဏ်ထူးဆောင်ပါမောက္ခ) မီးယပ်ရောဂါပညာဌာန၊ ခုတင်(၁၀၀)ဆံ့သင်ကြားရေးတိုင်းရင်းဆေးရုံက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် CTME အခမ်းအနားဖြစ်မြောက်ရေး ကူညီပံ့ပိုးသူ ဦးကျော်ကျော်ဦး၊ ဒေါ်သင်းသင်းမာ(သမားကျော်ဆေးတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့)အား ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံအုပ်ကြီး ဒေါ်မီမီက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မီးယပ်လာစဉ် နာကျဉ်ကိုက်ခဲခြင်း ရောဂါအကြောင်းကို ဆရာမဒေါ်ထွန်းနန္ဒာကျော်၊ လက်ထောက်တိုင်းရင်းဆေးမှူး မီးယပ်ရောဂါကုဌာန၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီးက ဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားပြီး ဒေါ်ရင်ရင်သီ (ဂုဏ်ထူးဆောင် ပါမောက္ခ)က လက်ထောက်တိုင်းရင်းဆေးမှူး ဆရာမဒေါ်ထွန်းနန္ဒာကျော်အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့သည်။

CTME အခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာ မြင့်မြင့်သန်း၊ ပါမောက္ခ၊ ကထိက ဆရာ၊ ဆရာမများ၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံမှ ဆရာ၊ ဆရာမများ အလုပ်သင်ဆရာ၊ ဆရာမများ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)မှ ဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အလုပ်အမှုဆောင်များ၊ ဆရာ၊ ဆရာမများ တိုင်းရင်းဆေးပညာ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၀၇၀)**

# အခြေခံပန်းချီသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**သရက် မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် (Community Centre) လူထုအခြေပြု ဗဟိုဌာနတွင် မတ် ၂၃ ရက်မှ စတင်၍ နေ့စဉ် နံနက် ၈ နာရီတွင် နွေရာသီ အခြေခံပန်းချီ သင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ (ယာပုံ)

နွေရာသီကျောင်းပိတ်ရက်၌ လူငယ်များအချိန်ကို တန်ဖိုးရှိစွာ အသုံးချပြီး ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးစေရန်၊ အရည်အချင်းမြင့်မားပြီး အတွေးအခေါ်မှန်ကန်၍ ဗလငါးတန်နှင့် ပြည်စုံကာ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်း လူငယ်များ ပေါ်ထွက်စေရန်၊ အသိပညာ၊ အတတ်ပညာများ အခြေခံသိရှိနိုင်စေရန် ရည်ရွယ်၍ နွေရာသီ ကျောင်းပိတ်ရက်များ၌ နေ့စဉ် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးအား အခြေခံပန်းချီရေးဆွဲနည်း သင်တန်းကို နည်းပြနှစ်ဦးတို့က မတ် ၂၃ ရက်မှ စတင်၍ ဧပြီ ၁၀ ရက်အထိ အခမဲ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



# ခု . . . အထင်ကြီးပါပြီ

ဗလ




'မိန်းမရေ တံခါးဖွင့်စမ်းဟေ့…

မကြားဘူးလားကွ မင်းတော့ နာချင်ပြီ ထင်တယ်‥ဒီမှာ ငါ့ညီလေးက လိုက်ပို့ပေးတာ အားနာလို့…နို့မို့ မင်းတော့နာပြီ…'

'ဖွင့်ပါပြီတော်…တော်ပြန်မလာတာ နှစ်ရက်ရှိပြီ။ ကြံ့ရာမှာ ဖဲရိုက်၊ အရက်သောက်လုပ်နေပြီး အိမ်မှာလာပြီး ဆူပူမနေနဲ့…'

'ငါ့အစ်မရေ…စိတ်မဆိုးပါနဲ့၊ ကျွန်တော်နဲ့တူတူကြုံလို့ သောက်ကြတာပါ…ငါ့အစ်ကိုကြီးကို ပို့ခဲ့ပြီနော်…ကျွန်တော်သွားပြီ…။

လမ်းထိပ်ကို တူလေးနှင့်အတူ လမ်းလျှောက်ထွက်ရင်း ဈေးဝယ်နေစဉ် ထောင့်ချိုးအိမ်မှ ဆူဆူညံညံအသံကြောင့် မျက်စိကစားရင်း ကြည့်မိသည်။ အသားညိုညို ပိန်ပိန်ပါးပါးနဲ့ အသက် ၂၅ နှစ်ခန့် ကောင်လေးတစ်ယောက်က မူးနေသော ကိုကုလားကို လာပို့ပေးခြင်းဖြစ်သည်။ ကိုကုလားနှင့်အတူသောက်သည်ဆိုသော ထိုကောင်လေးကို သေသေချာချာကြည့်မိသည်။ အရက်မူးသည့် အရိပ်အယောင် မတွေ့ရ။ သို့သော် ဖဲသမား၊ အရက်သမား ကိုကုလားနှင့်ပေါင်းကတည်းက သူလည်းပဲ ဖဲသမား၊ အရက်သမားပဲဟု အထင်သေးခဲ့သည်။ ကိုကုလားတို့အိမ်ထဲမှ ဆူသံ၊ ဆဲသံ၊ ထုရိုက်သံများက ပျံ့လွင့်လာပြန်သည်။ လင်ဆိုး မယား တဖားဖားဆိုသကဲ့သို့ ကိုကုလားနှင့် အိမ်ထောင်ကျကတည်းက ဝဋ်ဒုက္ခနှင့် တွေ့ သည်ဟုပင် ဆိုရပေမည်။

ပျင်းပျင်းရှိသည်နှင့် လမ်းထိပ်က အောင်ဇမ္ဗူ လက်ဖက်ရည်ဆိုင်ဘက် ထွက်လာခဲ့သည်။ သွားလေရာ လိုက်တတ်သော တူလေးကလည်း ကျောင်းပိတ်ရက်ဖြစ်၍ လိုက်လာခဲ့သည်။ ဆိုင်ထောင့်ကခုံတွင် ထိုင်ရင်း တူလေးကို စာကြိုးစားရန် ဆုံးမရသေးသည်။ တူလေးက ကိုးတန်းကျောင်းသား လူပျိုပေါက်အရွယ်ဖြစ်သည်။ ဒီအရွယ်က စိတ်ကစားတတ်ပြီ။ သာယာမှု၊ အပျော်အပါးနောက်လိုက်လျှင် ပျက်စီး၍ ပညာရေးထိခိုက်နိုင်သည်။ ထို့ကြောင့် အနီးကပ်ဆုံးမနေရခြင်းဖြစ်သည်။ ထိုစဉ် ဆိုင်ထဲသို့ မနေ့က ကိုကုလားကို လိုက်ပို့ပေးသော ညီငယ်နှင့် လူငယ်သုံးဦး ဝင်လာကြသည်။ တစ်ဝိုင်းကျော်တွင် ဝင်ထိုင်ရင်း စကားပြောကြသည်။ မသိမသာ နားစွင့်ကြည့်မိသည်။

'ညီလေး ငပါ…ငါ့ကို တစ်ကွက်လောက် ထိုးပေးကွာ'

'ဟာ…အစ်ကိုရ နောက်ကျနေပြီ မရတော့ဘူး'

'လုပ်ပါကွ…ငါက တစ်သောင်းဖိုးရိုက်မှာပါ ညီလေးရ'

'ဖုန်းဆက်ကြည့်မယ်ဗျာ ရ၊ မရ မသေချာဘူး'

'အေးပါကွာ၊ နောက်ဆို ငါ့ကိုလည်း ဖုန်းဆက်ပြီး ထိုးလို့ရအောင် ဖုန်းနံပါတ်လေးပေးထားဦး…ငါက မထိုးရ မနေနိုင်ဘူးကွ‥'

နှစ်လုံး သုံးလုံးတွက်နည်းတွေအကြောင်း ဘယ်ဒိုင်က အလျော်အစားမှန်ကြောင်း၊ လက်ခွဲများအဖြစ် မည်သူက ရောင်းချကြောင်းများကို အငယ်ကောင်လေးက ပြောပြနေသည်။

'အေးကွာ…ကျေးဇူးပဲ။ ငါ့ရဲ့ ဦးကြီးတွက်တဲ့ အကွက်တွေက မှန်တယ်ကွ… ဒါပေမဲ့ အချိန်နောက်ကျမှ သိရလို့ ဒိုင်တွေ၊ ဒိုင်ခွဲတွေ သိထားတော့ ကိုယ်တိုင်ဖြစ်ဖြစ်၊ ဖုန်းနဲ့ဖြစ်ဖြစ် ထိုးချင်လို့ပါကွ…ငါ့ဖုန်းနံပါတ်လေး မိတ်ဆက်ပေးထားဦး ညီလေးရ'

'ဟုတ်ကဲ့ပါအစ်ကို၊ ကျွန်တော်တို့ကိုလည်း စောင့်ရှောက်ပေးပါဦး'

'အေးပါကွ…ငါလည်း ဝါသနာရှင်ပဲ အချင်းချင်း မလုပ်ပါဘူးကွ…ဟေ့…. လက်ဖက်ရည်ဖိုးရှင်းမယ်'

ဒီညီလေးကို နည်းနည်းစိတ်ဝင်စားမိလာသည်။ လူပုံက ရည်ရည်မွန်မွန် သွက်သွက်လက်လက်ရှိသည်။ သို့သော် အရက်ဝိုင်း၊ ဖဲဝိုင်း၊ လောင်းကစားကိစ္စ၊ လူငယ်တွေကြားရော၊ လူကြီးတွေကြားရော သူ့ကို နေရာအနှံ့ မကြာခဏတွေ့ရတတ်သည်။ တူလေးကို မှာထားရသည်။ ထိုသူမျိုးကို အပေါင်းအသင်း၊ မိတ်ဆွေမဖွဲ့ရန်၊ ပေါင်းမိပါက မိမိ၏ပညာရေးသာမက တစ်သက်လုံး ဘဝပါ ပျက်တတ်ကြောင်း သတိပေး ဆုံးမရသေးသည်။

တစ်နေ့က ရပ်ကွက်ထဲမှ မိတ်ဆွေတစ်ဦး ဆုံးပါးသွားခဲ့သည်။ မအားသဖြင့် ညပိုင်းမှ ကူငွေသွားထည့်ရင်း နာရေးမေးရသည်။ နာရေးအိမ်ရောက်တော့ ည ၈ နာရီထိုးပြီ။ ကစားဝိုင်းလေးများကလည်း စည်ကားနေပြီ။ ထုံးစံအတိုင်း တွေ့နေကျ ကောင်လေးကို ဝိုင်းထဲတွင် တွေ့ရသည်။ ဝိုင်းထဲတွင် လူစိမ်းတွေ များလှသည်။ ရပ်ကွက်ခံအနည်းငယ်သာ တွေ့ရသည်။ မိတ်ဆွေများနှင့် စကားစမြည်ပြောရင်း သန်းခေါင်ရောက်သွားသည်။ အိမ်ပြန်ရန် လမ်းပေါ်အရောက် မိတ်ဆွေကိုသန်းဝင်းနှင့် နှုတ်ဆက်စကားပြောနေစဉ် တွေ့နေကျ ကောင်လေးက 'ကိုကြီးသန်းဝင်းရေ ကွမ်းလေး သွားထုပ်လိုက်ဦးမယ်…ပြန်လာခဲ့မယ်နော်' ဆိုင်ကယ်ကို လမ်းကြားမှ မောင်းထွက်ရင်း ပြောသွားသည်။

'ကိုသန်းဝင်း အဲ့ဒါဘယ်သူလဲဗျ'

'ကိုလေးကလည်း အဲ့ဒါကျွန်တော့်ညီလေးတာဝန်ထမ်းဆောင်တဲ့ အမှတ်(…)ရဲကင်းက ကောင်လေး လူတော်လေးပါဗျာ…'

'ဟုတ်လား…'

နဂိုကတည်းက ရဲဆိုလျှင် အထင်မကြီးတတ်သော ကျွန်တော်။ ကိုလိုနီခေတ်စာပေ၊ ရုပ်ရှင်များအကြည့်များပြီး ပုလိပ်ကိုမုန်းနေသော ကျွန်တော်မို့ စိတ်ထဲမှာ ပို၍ သဘောမတွေ့၊ အိမ်ပြန်ခဲ့သည်။ သန်းခေါင်ကျော်မို့ အိပ်ရာထဲရောက်သည်နှင့် အိပ်ပျော်သွားသည်။ နံနက် ၅ နာရီခွဲတွင် ဇနီးက အလန့်တကြားဖြင့် အော်ဟစ်နိုးသည်။ အောက်ထပ်ကို အပြေးဆင်းခဲ့ရာ ဇနီးက အိမ်ပေါက်ဝတွင် ရပ်ရင်း…

'ကုန်ပြီ…ကုန်ပြီ'

ကိုလေးရေ အိမ်ထဲက ဆိုင်ကယ်ရော၊ အိမ်ရှေ့က မီးစက်ရော မရှိတော့ဘူး၊ ခြံသော့ရော၊ အိမ်သော့ရော ပွင့်နေတယ်၊ ဘယ်လိုလုပ်ကြမလဲ'

'အေး‥ဘာတွေပါသွားသေးလဲ စစ်ကြဦး'

မိသားစုတွေ အိမ်ရှေ့မှာ ထိုင်ပြီး စိတ်ညစ်ညစ်နဲ့ သူခိုးကို မေတ္တာပို့နေမိကြသည်။ ပြီးခဲ့တဲ့အပတ်က ဟိုဘက်လမ်းထဲမှာ ဆိုင်ကယ်နှစ်စီးပါသွားကြောင်း ဇနီးက ပြောပြသည်။ နာရေးအိမ်မှ ည ၁၂ နာရီကျော် ပြန်လာစဉ် ဇနီးက တံခါးစောင့်ဖွင့်ပေးပြီး အိပ်မောကျချိန် နံနက် ၃ နာရီဝန်းကျင်တွင် သော့ဖျက်၍ မီးစက်နှင့် ဆိုင်ကယ် ခိုးယူသွားကြခြင်းဖြစ်မည်။

ဆိုင်ကယ်နှင့် မီးစက်ခိုးယူခံရကြောင်း အမှုဖွင့်မှ ဖြစ်မည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အရင်အကြောင်းကြားရမည်။ နံနက် ၈ နာရီတွင် အုပ်ချုပ်ရေးမှူးအိမ်သို့ အကြောင်းကြားရန် ထွက်ခဲ့သည်။

'အုပ်ချုပ်ရေးမှူး ရှိလားဗျ'

'လာ‥ကိုလေးရေ ရှိသဗျာ ထိုင်…'

ဟော…အုပ်ချုပ်ရေးမှူးအိမ်မှာ ဟိုရဲတပ်ဖွဲ့က ကောင်လေးရောက်နေပါလား။ အုပ်ချုပ်ရေးမှူးရေ ညက ကျွန်တော့်အိမ်က ခြံသော့နဲ့ အိမ်သော့ဖျက်ပြီး မီးစက်နဲ့ ဆိုင်ကယ်အခိုးခံရတယ်ဗျ … အဲ့ဒါ သတင်းလာပို့တာဗျ…'

'ကိုလေးရေ…အဲ့ဒီကိစ္စပဲ ဒီမှာ ပြောနေကြတာ။ ဒီကညီလေးက ညတုန်းက နာရေးအိမ်မှာ လူစိမ်းသုံးယောက် ဝင်လိုက်၊ ထွက်လိုက်နဲ့ မသင်္ကာလို့ သတိထားစောင့်ကြည့်နေတာ ၃ နာရီလောက် ရပ်ကွက်ထဲ ပတ္တယောင်လှည့်ဖို့ တပ်ဖွဲ့ဝင်နှစ်ယောက်ကို သွားခေါ်ပြီး အလာ လိုက်ထရပ်တစ်စီး လမ်းထဲက ထွက်လာတာမြင်သတဲ့။ ကားပေါ်မှာ ဆိုင်ကယ်နဲ့ မီးစက်ကို တွေ့လိုက်လို့ ချက်ချင်းရပ်ခိုင်းတော့ ညကတွေ့တဲ့ လူစိမ်းတွေဖြစ်နေတယ်။ အဲ့ဒါနဲ့ ကားရော၊ လူတွေရော၊ ပစ္စည်းတွေရော စခန်းမှာ ထိန်းသိမ်းထားပြီး ကျုပ်ကို အကြောင်းလာကြားတာ။ အတော်ပဲ ခင်ဗျား စခန်းကို ဒီညီလေးနဲ့ လိုက်သွားကြည့်လိုက်လေ'

'လာ အစ်ကို…ကျွန်တော့်ဆိုင်ကယ်နောက်က လိုက်ခဲ့…အစ်ကို့အိမ်က ပစ္စည်းဖြစ်ကြောင်း သက်သေပေးခဲ့ပေါ့ဗျာ…ဒီကောင်တွေကို စစ်လိုက်တာ၊ ဟိုဘက်လမ်းက ဆိုင်ကယ်နှစ်စီးလည်း သူတို့လက်ချက်ဗျ…ကျွန်တော်ပင်ပန်းခံရကျိုးနပ်သွားပြီ…လက်မတင်လေးမိလိုက်တာဗျ…'

'ညီလေးကို လူပေါင်းစုံနဲ့အမြဲတွေ့နေလို့ မဟုတ်တာ အကုန်လုပ်တဲ့သူလို့ အစ်ကိုက ထင်နေတာကွ…တောင်းပန်ပါတယ်ကွာ…မင်းက သတင်းရဖို့ လူပေါင်းစုံနဲ့ အလိုက်သင့်ပေါင်းနေရတာကိုး…ပင်ပန်းလိုက်တာကွာ…'

'အစ်ကိုရာ‥ကျွန်တော့်အလုပ်နဲ့တာဝန်ကျေပွန်ဖို့၊ အများပြည်သူကို အကာအကွယ် ပေးနိုင်ဖို့၊ ကျွန်တော်တို့ ပင်ပန်းဆင်းရဲခံ၊ အသွင်ယူ၊ အထင်သေးခံပြီး လုပ်နေကြရတာပါဗျာ‥ဒါပေမဲ့ အခုလို ဒီကောင်တွေကို မိတော့ ပင်ပန်းသမျှ အမောပြေပါတယ်…'

'ညီလေးကို အရင်က အထင်သေးမျက်စိနဲ့ကြည့်ခဲ့၊ ပြောခဲ့မိတယ်ကွာ။ အစ်ကို့ကို ခွင့်လွှတ်ကွာ…'

'ရတယ်အစ်ကို …ကျွန်တော်တို့ရဲ့အလုပ်ကိုက အရာရာကို စိတ်ရှည်၊ သည်းခံ၊ ဖွဲ့သန်ရတယ်ဗျ'

ဒီလိုနဲ့ အခိုးခံရတဲ့ မီးစက်နဲ့ ဆိုင်ကယ်လည်း ပြန်ရခဲ့တယ်။ အဲဒီနေ့ကစပြီး ရဲတပ်ဖွဲ့က ညီလေးနဲ့တွေ့တိုင်း လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ဖြစ်သလို လိုအပ်တာကိုလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့ ကတိပြုခဲ့တယ်…အရင်က အထင်မကြီးခဲ့တဲ့ ရဲတပ်ဖွဲ့ဝင်ကလေးကို အခုတော့ … အထင်ကြီးသွားပြီး ပူးပေါင်းဆောင်ရွက်ပေးဖို့ စိတ်အားထက်သန်နေပြီလေ…။

## စာအုပ်စင်ကလျာ

စာအုပ်အမည် - လျင်လျင်ထက်ထက် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း ကျမ်းငယ်
စာရေးသူ - ယူရီပိုင်(မြန်မာပြန်)
ထုတ်ဝေသည့်စာပေတိုက် - ဂျူတီစာပေ
တန်ဖိုး - ၇၅၀၀ ကျပ်
စာမျက်နှာ - ၁၉၈ မျက်နှာ
မျက်နှာဖုံးဒီဇိုင်း - Fyeepik
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ မတ်လ(ဒုတိယအကြိမ်)




ကမ္ဘာ့နိုင်ငံတကာစာအုပ်ဈေးကွက်တွင် အရောင်းရဆုံးစာအုပ်ဖြစ်သည်။ မျက်မှောက်ခေတ်လူသားတို့အတွက် အပြိုင်အဆိုင် ရုန်းကန်လှုပ်ရှားနေရချိန် လျင်လျင်မြန်မြန် ထိထိမိမိ ဆင်ခြင်ဆုံးဖြတ်ပြီး ဘဝအောင်မြင်မှုကို ရယူနိုင်မည့် ကျမ်းစာအုပ်ငယ်လေးဖြစ်သည်။

စာအုပ်တွင် အပိုင်း(၄)ပိုင်းဖြစ်သော မိမိကိုယ်ကို မိမိကောင်းအောင်ကြိုးစားမည်၊မိမိကိုယ်ကို မိမိသဘောပေါက်အောင်ကြိုးစားမည်၊ သူတစ်ပါးတို့ကို မိမိပိုမိုသဘောပေါက်ဖို့ကြိုးစားမည်၊ သူတစ်ပါးတို့ကို ကောင်းသည်ထက် ပိုကောင်းအောင်လုပ်ကိုင်ပေးမည်တို့ပါရှိသည်။ နောက်ဆက်တွဲအနေဖြင့် ပုံဆွဲသင်ခန်းစာ(၁)၊ (၂)တို့ ပါရှိပြီး မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဖော်ညွှန်းသီ

စာအုပ်အမည် - ဇာတ်သိမ်းခန်းကို သင်ကိုယ်တိုင် ဖြည့်စွက်ရေးသားပါ
စာရေးသူ - မင်းခိုက်စိုးစန်
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၉၅၀၀ ကျပ်
စာမျက်နှာ - ၁၇၄ မျက်နှာ
မျက်နှာဖုံးပန်းချီ - အောင်ကျော်
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ မတ်လ(ဒုတိယအကြိမ်)




၂၀၁၆ ခုနှစ် ရတနာသိုက်စာပေ၏ ပထမအကြိမ်မူအတိုင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေသည်။ စာရေးဆရာနှစ်ယောက်၏ ခေတ်ပေါ် ဝတ္ထုတိုများကို စုစည်းထားခြင်းဖြစ်သည်။

စာအုပ်တွင် သူစိမ်းများနှင့်နွေလယ်စာနှင့် ဇာတ်သိမ်းခန်းကို သင်ကိုယ်တိုင်ဖြည့်စွက်ရေးသားပါ အပိုင်းနှစ်ပိုင်း ခွဲထားပြီး မေးခွန်းများနှင့်လူ၊ ဆာလောင်ခြင်းနှင့်လူ၊ တိတ်ဆိတ်ခြင်းနှင့်ကိုယ်တိုင်ပါပဲ၊ သကြန်ငေးသူ၊ နှောင်ကြိုးဖွဲ့မယ့်ကြယ်၊ အိပ်မက်ဖမ်းမုဆိုး၊ ဓားသွားနှင့်တူသော မိန်းမ၊ အာဏာပါးကွက်သားနှင့်တူသော မိန်းမ၊ အိပ်မက်မျှားတဲ့ကမ်းပါးတို့ ဖြစ်သည်။

ခေတ်ပေါ်ဝတ္ထုတိုကြိုက်သူများအတွက် မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ပတ်စရာ၊ မှတ်စရာ စုံလင် ယုဒနာလေး

## နေမင်းအရှင် ရောင်လွှာဆင်

* အရှေ့ရပ်မှာ၊ ဖြန့်ကြက်ဖြာလျက်
ရောင်လွှာထွက်လင်း၊ နေအဆင်းသည်
ကြည်လင်းနံနက် အလှဆင်လျက်။

* ကျေးငှက်စုံပေါင်း၊ ရောင်ခြည်လောင်းဝယ်
ရွှင်ကြောင်းပုံလွှာ၊ တေးသံသာဖြင့်
ခွန်းဖြာနှုတ်ဆက် သာယာလျက် ။

* ဘာဏုရာဇာ၊ ကမ္ဘလာ၏
လွှမ်းဖြာစွမ်းအင်၊ အသုံးဝင်လို့
အစဉ်ပိုးဖျက်၊ ကျန်းမာလျက် ။

* တိမ်ညို၊ တိမ်ပြာ၊ ယိမ်းမူကာနှင့်
လျှပ်ဖြာလွင့်လူး၊ လေဟုန်ကူးလို့
ပေါင်းမြူးရောယှက်၊ လှစေလျက် ။

* ရေပြင်လှမ်းဆက်၊ ရောင်ဂယက်က
ရောက်ယှက်လှိုင်းစုံ၊ ထွေးပွေ့ပုံရယ်
ကုံလုံလှဖက်၊ သာယာလျက် ။

* ဂိမှာန်ခါမီ ၊ နွေပန်းချီကို
ရောင်ခြည်ဖြန့်ကဲ၊ စုတ်ချက်ဆွဲလို့
လှမြသွယ်ယှက်၊ အေးချမ်းလျက် ။

* ပန်းပေါင်းစုံလွှာ ၊ ပွင့်အာလာဖို့
လွှမ်းဖြာအုပ်မိုး ၊ ပွင့်လွှာဖြိုးစေ
ကောင်းကျိုးသွယ်ယှက် ၊ ရောင်ဖြာလျက် ။

* ရောင်ခြည်တစ်ထောင် ၊ အလင်းဆောင်၍
ဂုဏ်ရောင်ပြောင်ဝင်း ၊ ရှင်နေမင်းသည်
ညခင်းချိန်ခါ ၊ အိပ်စက်မှာမို့
ဆည်းဆာချိန်ထက် ၊ ငုပ်လျှိုးလျက် ။ ။

မင်းမြတ်မိုး(မန်းမြေ)

## စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်းကျင်းပ

**မင်းဘူး မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့တွင် ယမန်နေ့ မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ Community Centre ၌ စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

ကျောင်းသားလူငယ်များအား စာပေဖတ်ရှုသည့် အလေ့အထကောင်းများ တိုးပွားရရှိကာ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတများတိုးပွားစေရန်၊ အပြန်အလှန် ဖလှယ်ဆွေးနွေးနိုင်ရေးနှင့် အချင်းချင်း ချစ်ခင်စည်းလုံးမှု ပိုမိုရရှိစေရေး ရည်ရွယ်၍ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာအုပ်၊စာစောင် ချစ်မြတ်နိုးသူ (Book Club) အဖွဲ့ဝင်များက အခြေခံပညာအလယ်တန်းကျောင်းသား၊ ကျောင်းသူများအား စာပေထဲမှ ဘဝအသိအမြင်များ ရရှိစေရန် စာရေးဆရာ ဒေါက်တာသိန်းလွင်(ပညာရေးစိတ်ပညာပါရဂူ) ရေးသားသည့် "ကျောင်းသားနှင့်ဘဝ ဆက်စပ်ပြင်ဆင်ကြ" စာအုပ်ဖတ်ကြားကာ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**



ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က စာဖတ်ဝိုင်းပြုလုပ်ခြင်း အစီအစဉ်များနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စာဖတ်ဝိုင်းသို့ တက်ရောက်လာသည့် မြို့နယ်စာအုပ်၊စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အတွင်းရေးမှူး ဆရာဦးဌေးလွင်နှင့် အဖွဲ့ဝင် ဆရာမ ဒေါ်မိုးဆွေတို့က မိမိတို့ဖတ်ရှုခဲ့ကြပြီးဖြစ်သည့် စာရေးဆရာ ဒေါက်တာသိန်းလွင် ရေးသားသည့် "ကျောင်းသားဘဝနှင့်ဆက်စပ်ပြင်ဆင်ကြ" စာအုပ်ပါ ခေါင်းစဉ်အကြောင်းအရာများမှ ရေးသားတင်ပြမှုအစီအစဉ်များ၊ ဆောင်းပါးပါအကြောင်းအရာများမှ ရရှိပေးစွမ်းသည့် အသိပညာဗဟုသုတများ၊ လိုက်နာကျင့်သုံးအပ်သည့် အတွေးအမြင်များ၊ စာရေးသူ၏ ရေးသားချက်များက ပေးစွမ်းသည့် စာပေရသများကို စာဖတ်ဝိုင်းတက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူလေးများအတွက် အသီးသီးအပြန်အလှန် ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၅၀၄)




## သားငယ်၊ သမီးငယ်များ သကြ်န်အကြို ပျော်ပွဲရွှင်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာ လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်းမှ သားငယ်၊ သမီးငယ်များ သကြ်န်အကြိုပျော်ပွဲရွှင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကိုးပင်မူလတန်းကြိုကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ သားငယ်၊ သမီးငယ်လေးများက သကြ်န်အကြို ပျော်ရွှင်စွာ ရေကစားကြခြင်း၊ မုန့်လက်နှိပ်နှင့် မုန့်လက်ဆောင်များ အတူတကွ စားသုံးကြခြင်း စသည်တို့ကို ပျော်ရွှင်စွာ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**


*-*-*-*-*

## ဓမ္မာစရိယစာမေးပွဲဓမ္မသင်္ဂဏီကျမ်း(ပထမနေ့) ဆက်လက်ဖြေဆို

**မန္တလေး မတ် ၂၉**

၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို မဟာအောင်မြေမြို့နယ် အ·ထ·က(၁၃)ကျောင်းစာဖြေဌာန၌ မတ် ၂၇ ရက် မွန်းလွဲပိုင်းက (ပထမနေ့)ဖြေဆို ကျင်းပသည်။

အဆိုပါ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုနေမှုကို ဩဝါဒါစရိယဆရာတော်များ၊ အထူးကြီးကြပ်ရေးဆရာတော်များ၊ အထူးစစ်ဆေးရေး ဆရာတော်ကြီးများ၊ ကြီးကြပ်ရေး ဆရာတော်ကြီးများက ဦးစွာကြည်ညိုပြီး မဟာအောင်မြေမြို့နယ်၊ အ·ထ·က (၁၃)ကျောင်း၌ ဓမ္မသင်္ဂဏီကျမ်း (ပထမနေ့)ကို ဆက်လက်ဖြေဆိုလျက်ရှိသော သံဃာတော် ၄၄၀ ပါးရှိကြောင်း သိရသည်။



၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ စာရင်းရှိ သံဃာတော် ၆၅၀ပါး ဖြေဆိုသံဃာတော် ၄၃၇ပါး ပျက်ကွက်သံဃာတော် ၂၁၃ပါး၊ စာရင်းရှိ သီလရှင် ၃ ပါး ဖြေဆိုသီလရှင် ၃ ပါး စုစုပေါင်း ၄၄၀ပါး ဖြေဆိုလျက်ရှိရာ မတ် ၂၃ ရက်မှ မတ် ၂၈ ရက်အထိ ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

**အောင်စော်မင်း**

## ယာယီနေရပ်စွန့်ခွာပြည်သူ ၁၅၇၆ ဦးအတွက် ငွေကျပ် ၉၄ ဒသမ ၅၆ သန်း ထောက်ပံ့ပေးအပ်

**မင်းဘူး မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂၆ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင်က အဖွင့်အမှာစကား ပြောကြားသည်။ ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် မင်းဘူးမြို့တွင် ယာယီနေရပ်စွန့်ခွာ ပြည်သူအိမ်ထောင်စု ၃၈၄ စု၊ လူဦးရေ ၁၅၇၆ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ သုံးလစာ ငွေကျပ် ၆၀၀၀၀ ဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူအိမ်ထောင်စု ၃၈၄ စု၊ လူဦးရေ ၁၅၇၆ ဦးအတွက် ငွေကျပ် စုစုပေါင်း ၉၄ ဒသမ ၅၆ သန်းကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကျေးဥက္ကဋ္ဌများနှင့် စာရေးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၅၀၄)





## မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဆွမ်းကပ်တရားတော် နာယူခြင်းအခမ်းအနား ကျင်းပ

**ပျော်ဘွယ် မတ် ၂၉**

ပျော်ဘွယ်မြို့နယ်၌ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ကြောင့် ကွယ်လွန်သွားသူများအတွက် တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၊ ရေစက်ချတရားနာယူခြင်း၊ အမျှအတန်းပေးဝေခြင်းကို ယမန်နေ့ နံနက် ၅ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ တက်ရောက်လာသည့် ဧည့်ပရိတ်သတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ကာ မြို့နယ်သံဃနာယကအဖွဲ့ဝင် ပန်းစုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာသဘထံမှ ငါးပါးသီလခံယူဆောက်တည်ပြီးနောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဂုဏာစာရနှင့် ဆရာတော်၊သံဃာတော်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

အလားတူ မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တို့တွင်လည်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကောင်းမှုကုသိုလ်ဒါနပြုလုပ်သူများလည်း ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀-၀-၀-၀-၀

## ရှင်ရဲတစ်ထောင်အုတ်ကျောင်းတိုက် အတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်

**ပုဂံ မတ် ၂၉**

ပုဂံယဉ်ကျေးမှုအမွေအနှစ်၏ အလှသဘာဝကို ကောင်းစွာခံစားနိုင်ရန် အမွေအနှစ်အဆောက်အအုံများ သန့်ရှင်းသပ်ရပ်၍ ရေရှည်တည်တံ့စေရန် ရည်ရွယ်ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲက ဓရိယာများ ပိုင်းခြားသတ်မှတ်၍ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေလုံခြုံရေးဌာနစိတ်မှ ဝန်ထမ်းများသည် ပုဂံဒေသအမြဲသန့်ရှင်းသာယာလှပစေရေး ယမန်နေ့ နံနက် ၉ နာရီက ပုဂံမြို့ဟောင်းရှိ ရှင်ရဲတစ်ထောင်အုတ်ကျောင်းတိုက်အတွင်း၊ အပြင်တို့တွင် သန့်ရှင်းရေးဆောင်ရွက်ကြသည်။ (အောက်ပုံ)

ရှေးဟောင်း အဆောက်အအုံများ၏ ရင်ပြင်တော်မှ ပေ ၂၀ အကွာ ပတ်ပတ်လည် ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်း၊ အပေါ်ပိုင်းတွင် ပေါက်ရောက်နေသော ပေါင်းမြက်များအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆင်းတုတော်ရှိသော ဘုရားများ၏ လိုဏ်ပတ်လမ်းများရှိ ခိုချေးများ၊ ဖုန်များ၊ ပင့်ကူမျှင်များအား သန့်ရှင်းရေးပြုလုပ်ပြီး ဆင်းတုတော်များအား ရောင်တော်ဖွင့်ခြင်းလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိသည့်အပြင် ပုဂံဌာနခွဲ ယဉ်ကျေးမှုနယ်မြေ လုံခြုံရေးဌာနစိတ်ကလည်း အရာထမ်း၊ အမှုထမ်းအင်အားဖြင့် ရက်သတ္တတစ်ပတ်လျှင်တစ်ရက် ရှေးဟောင်းအဆောက်အအုံများ အပေါ်ပိုင်း သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည်။ ယဉ်ကျေးမှုနယ်မြေလုံခြုံရေးဌာနစိတ် အင်အား ၁၅ ဦးဖြင့် ပုဂံမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံအမှတ်(၁၃၇၁) (ရှင်ရဲတစ်ထောင်ကျောင်း)အတွင်း၊ အပြင်၊ အုတ်တံတိုင်းများပေါ်ပေါက်ရောက်လျက်ရှိသည့် ပေါင်းပင်များ၊ မဏိသံလျက်ပင်များကို ရှင်းလင်းခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၈၁)



## ကျေးရွာနေပြည်သူများ ပွင့်လင်းရာသီကာလ သောက်သုံးရေဖူလုံစေရန် ရေလှူဒါန်း

**ညောင်ဦး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ကျေးရွာနေပြည်သူများ ပွင့်လင်းရာသီကာလ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် မတ် ၂၇ ရက်က ညောင်ဦးမြို့နယ် ဒါန်းစင်ကျေးရွာနှင့်မရောင့်ရဲကျေးရွာသို့ သွားရောက်ပြီး ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။ (အောက်ဝဲပုံ)



ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊အသင်းသူများက ဒါန်းစင်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ မရောင့်ရဲကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ စုစုပေါင်း ရေဂါလန် ၆၄၀၀ အား ကျေးရွာနေပြည်သူများ ပွင့်လင်းရာသီကာလ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် အိမ်ထောင်စုဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့နယ် ပုဂံမြို့ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက်နာယက ဆရာတော်ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက မြို့နယ်တွင်းရှိ ကျေးလက်နေပြည်သူများ ပွင့်လင်းရာသီကာလ သောက်သုံးရေ အခက်အခဲမဖြစ်စေရန်နှင့် ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် နေ့စဉ်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ (၄၄၅)

# ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၅)

စာရေးသူ ရေးသားပြီးခဲ့သည့် ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၄)တွင် ဒီပင်္ကရာဘုရားရှင်ဆိုင်ရာ ဗုဒ္ဓဝင်အား ခေါင်းစဉ်(၆)ခုခွဲ၍ ရေးသားခဲ့ပါသည်။ ဒီပင်္ကရာဘုရားရှင် ဗုဒ္ဓဝင်ဖော်ပြပြီး အပိုင်းကို အနည်းငယ် အစကောက်ရပါလျှင် ဒီပင်္ကရာဘုရားရှင်သည် လူတို့အသက်အနှစ်တစ်သိန်းတမ်းတွင် ပွင့်တော်မူခဲ့သည်။ ထိုအနှစ်တစ်သိန်းတွင် နှစ်ပေါင်း တစ်သောင်း မင်းစည်းစိမ်စံစားခဲ့ပြီး ဒုက္ကရစရိယာ အကျင့်မြတ်ကို ဆယ်လ ကျင့်ကာ ဗောဓိညောင်ကြတ်ပင်ရင်း၌ အပရာဇိတပလ္လင်တော်ဝယ် ဘုရားအဖြစ်ရောက်တော်မူခဲ့ပါသည်။

ဖော်ပြခဲ့ပြီး ခေါင်းစဉ်အမှတ်(၆)မှာ (ဓမ္မာဘိသမယ)တရားပွဲကြီးများနှင့် သာဝက(သန္နိပါတ)အစည်းအဝေးကြီးများ ဖြစ်ပါသည်။ ဒီပင်္ကရာဘုရားရှင်လက်ထက်တွင် (ဓမ္မာဘိသမယ)တရားပွဲကြီးက သုံးကြိမ်နှင့် သာဝက(သန္နိပါတ)အစည်းအဝေးကြီးက သုံးကြိမ်ဖြစ်ခဲ့သည်။ နရဒေဝနတ်ဘီလူးကို ဒီပင်္ကရာဘုရားရှင် တရားဟောတော်မူချိန်သည် သုနန္ဒာရာမအရပ်၌ အရပ်ထက်ဝန်းကျင်မှ ကုဋေတစ်သိန်းသော ရဟန္တာအရှင်မြတ်ကြီးများ စုဝေးပြုလုပ်ခဲ့သည်။ ရှေးဦးစွာသော တပည့်သာဝက(သန္နိပါတ)အစည်းအဝေးပြုလုပ်ချိန်ကာလက ဖြစ်သည်။ နရဒေဝနတ်ဘီလူးနှင့် အခြံအရံနတ်ဘီလူးတစ်သောင်းတို့သည် တရားတော်၏ အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်ခဲ့ကြ၏။ ထိုနရဒေဝနတ်ဘီလူးအား တစ်ရွာ တစ်ရွာမှ တစ်ယောက် တစ်ယောက်စီ ဗလိနတ်စာ ပူဇော်ရန် ဆောင်ယူခဲ့သည့် လူတို့ကို နတ်ဘီလူးက ဘုရားရှင်အား အပ်နှင်းတော်မူခဲ့သည်။ ဘုရားရှင်က ထိုလူတို့ကို ဧဟိဘိက္ခုခေါ်တော်မူကာ ရဟန်းပြုပေးခဲ့၏။ ထိုရဟန်းတို့သည် ခုနစ်ရက်အတွင်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြ၏။ ဒီပင်္ကရာဘုရားရှင်သည် နရဒကူဋတောင်၌ပင် ရဟန္တာကုဋေတစ်ရာတို့၏ အလယ်၌ နေတော်မူကာ တပို့တွဲလပြည့်နေ့၌ အင်္ဂါလေးပါးနှင့် ပြည့်စုံသော သာဝက အစည်းအဝေးကြီးတွင် ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးကြီးကား ဒီပင်္ကရာဘုရားရှင်၏ နှစ်ကြိမ်မြောက် သာဝက(သန္နိပါတ)အစည်းအဝေးပင် ဖြစ်သည်။

ဤနေရာတွင် အလျဉ်းသင့်၍ ရဟန်းတို့ အလေးအမြတ်ပြုရာ လူပုဂ္ဂိုလ်များလည်း ဂရုပြုမှတ်သားကြသည့် ဩဝါဒပါတိမောက် သုံးဂါထာကို ဖော်ပြလိုက်ပါသည်။ 'သဗ္ဗပါပဿ' အစချီသည့် အလယ်ပိုဒ်ကိုသာ လူတို့ အသိများပါ၍ စာရေးသူလည်း ထိုတစ်ပိုဒ်သာ မှတ်သားထားဖူးရာ မိတ္ထီလာဆိုင်တစ်ဆိုင်၌ သုံးပိုဒ်လုံးတွေ့ခဲ့ရာ စာရေးသူ အရယူခဲ့ပြီး ပလတ်စတစ်လောင်းကာ အိမ်ဘုရားစင်၌ ပူဇော်ထားခဲ့ပါသည်။ အဆိုပါ ပါတိမောက်သုံးပိုဒ်ကား -

*** ခန္တီ ပရမံ တပေါ တိတိက္ခာ**
**နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ ။**
**နဟိ ပဗ္ဗဇိတော ပရူပဃာတီ**
**န သမဏော ဟောတိ ပရံ**
**ဝိဟေဌ ယန္တော ။**

*** သဗ္ဗပါပဿ အကရဏံ**
**ကုသလဿ ဥပသမ္ပဒါ**
**သစိတ္တ ပရိယော ဒပနံ**
**ဧတံ ဗုဒ္ဓါန သာသနံ ။**

*** အနုပဝါဒေါ အနုပဃာတော**
**ပါတိမောက္ခေ စ သံဝရော**
**မတ္တညုတာစ ဘတ္တသ္မိံ**
**ပန္တဉ္စ သယနာ သနံ ။**
**အဓိစိတ္တေစ အာယောဂေါ**
**ဧတံ ဗုဒ္ဓါန သာသနံ ။**

ဟူ၍ ဖြစ်ပါသည်။

အခါတစ်ပါး၌ သုဒဿနတောင်သို့ သီတင်းကျွတ်လ ပွဲသဘင်ရောက်လာသည့် လူတို့အား ဒီပင်္ကရာမြတ်စွာဘုရားမှ တရားဟောတော်မူခဲ့၏။ ထိုလူတို့သည် ဘုရားရှင်၏ တရားတော်နာရ၍ ရဟန်းပြုခဲ့ကြပြီး ထိုရဟန်းတို့ကိုပင် (မဟာပဝါရဏာနေ့) သီတင်းကျွတ်လပြည့်နေ့၌ တရားဟောပြန်ရာ တရားတော်အဆုံး၌ အရဟတ္တဖိုလ်တည်ခဲ့ကြ၏။ ထိုအခါ ဘုရားရှင်သည် ကုဋေကိုးသောင်းသော ရဟန္တာတို့နှင့်အတူ ပဝါရဏာပြုတော်မူခဲ့သည်။ ထိုအစည်းအဝေးကြီးကား ဒီပင်္ကရာဘုရားရှင်၏ သုံးကြိမ်မြောက် သာဝက(သန္နိပါတ) အစည်းအဝေးကြီးပင် ဖြစ်သည်။

ဒီပင်္ကရာဘုရားရှင်၏ သန့်ရှင်းစင်ကြယ်သော သာသနာတော်သည် ပျံ့နှံ့၏။ လူသိများ၏။ ပြည့်စုံ၏။ စည်ကား၏။ ကောင်းစွာ ပွင့်လင်းသော သာသနာတော်သည် တာဒိဂုဏ်နှင့် ပြည့်စုံကာ အာသဝေါကင်းကုန်၍ ကိလေသာ အညစ်အကြေးမရှိကုန်သော ရဟန္တာတို့ဖြင့် အခါခပ်သိမ်း အလွန်တင့်တယ်လျက် ရှိခဲ့သည်။

**ပရိနိဗ္ဗာန်စံတော်မူခြင်းနှင့် စေတီတော်တည်ထားကိုးကွယ်ခြင်း**

ဒီပင်္ကရာဘုရားရှင်သည် အနှစ်တစ်သိန်း တည်လျက် သတ္တဝါတို့ကို ကယ်တင်တော်မူရင်း မီးပုံကြီး အလျှံတပြောင်ပြောင် ထွန်းပရာမှ ငြိမ်းသွားသကဲ့သို့ တပည့်သာဝကများနှင့်အတူ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ **'ဒီပင်္ကရာဘုရားရှင်၏ တန်ခိုးတော်သည်လည်းကောင်း၊ တပည့်သာဝကလေးသိန်းတို့သည်လည်းကောင်း၊ စက်လက္ခဏာတို့သည်လည်းကောင်း ချုပ်ဆုံးကွယ်ပျောက်သွားခဲ့လေပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် အနှစ်မရှိကုန်။ အချည်းနှီးသာ ဖြစ်ကုန်စွတကား။'**

မာန်ငါးပါးကို အောင်မြင်တော်မူသော ဒီပင်္ကရာဘုရားရှင်သည် နန္ဒာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ ထိုကျောင်းတိုက်၌ပင် အမြင့် သုံးဆယ့်ခြောက်ယူဇနာရှိ စေတီတော်တည်ထားကိုးကွယ်ခဲ့ကြသည်။ သက်တော်ရှည်ကြာသော မြတ်စွာဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်း တည်ရှိသော (အသဘိန္န) ဓာတ်တော်ကို ထိုစေတီတော်ကြီးအတွင်း၌ ဌာပနာသွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်း၌နေကုန်သော လူတို့သည် အညီအညွတ်လာကုန်၍ ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံခြယ်လှယ်ကာ စေတီတော်ကြီးကို ပြီးဆုံးစေခဲ့ကြလေသည်။

စာရေးသူ မှတ်စုထုတ်ကာ ရေးသားနေသည့် 'ဓမ္မဗိမာန်နှစ်ကျိပ်ရှစ်ဆူ' ဓမ္မဗိမာန်ကျမ်းစာ အမှတ်(၄)တွင် 'တဏှင်္ကရာဘုရားရှင်မှ ကဿပဘုရားရှင်'အထိ နှစ်ဆယ့်ခုနစ်ဆူတို့၏ ဗုဒ္ဓဝင်မှာ (၁၈၃) စာမျက်နှာ ပါရှိပြီး လက်ရှိ သာသနာ အရှင်ဂေါတမဘုရားရှင်၏ ဗုဒ္ဓဝင်မှာ တစ်ဆူတည်းဖြင့် ၁၆၄ စာမျက်နှာ ပါရှိသည်။ သို့ဖြစ်ရာ ရှေးဘုရားရှင်တို့၏ ဗုဒ္ဓဝင်ကို အစဉ်အလိုက် ဖော်ပြရင်း ဂေါတမဘုရားရှင် ဗုဒ္ဓဝင်ကို ကြားတွင် ထည့်သွင်းဖော်ပြရေးသားပါသည်။ အကြောင်းမှာ ရှေးဘုရားရှင်များကို ကြည်ညိုရင်း လက်ရှိ သာသနာကို ထွန်းလင်းစေသည့် ဂေါတမဘုရားရှင်အကြောင်းကို တစ်ပြိုင်တည်း သိသွားစေရန်၊ ကြည်ညိုနိုင်စေရန် ဖြစ်ပါသည်။ အထက်ပါ ဓမ္မဗိမာန်ကျမ်းစာတွင် 'သုံးလောကထွတ်တင် ဂေါတမဗုဒ္ဓဝင်'ဟု 'သုမေဓာဆုတောင်းခန်းမှ ပရိနိဗ္ဗာန်စံခန်း'အထိ အခန်းပေါင်း ၂၀၊ ခေါင်းစဉ်ခွဲများစွာ ဖော်ပြပါရှိပါသည်။ ယင်းတွင် စာရေးသူ၏ ဤဆောင်းပါးအခန်းဆက် 'သုတမှတ်စု(၃)'အထိတွင် 'သုမေဓာဆုတောင်းခန်း'အခန်းမှ 'ဘုရားဖြစ်ရန် အကျင့်ကို ရှာမှီး၍ ကျင့်တော်မူခြင်း'အထိ ဖော်ပြပြီး ဖြစ်ပါသည်။ ယခု 'ပါရမီတော်များ ဖြည့်ကျင့်တော်မူခန်း'ကို ဆက်လက် ဖော်ပြသွားပါမည်။

**အလောင်းတော် ပါရမီဖြည့်ကျင့်တော်မူခြင်း**

ဂေါတမဘုရားအလောင်းတော်သည် ဘုရားဖြစ်ရန်ဟူသော ကြီးမားသော ရည်ရွယ်ချက်နှင့် ဆန္ဒတော်ကို ပြည့်ဝစေရန် ကြီးမားသော လုပ်ငန်းစဉ်ကို ကြီးမားသော ဇွဲ၊ ဝီရိယတို့ဖြင့် ဘဝများစွာ ဆောင်ရွက်ခဲ့ရသည်။ ဒီပင်္ကရာဘုရားရှင်ထံ နိယတဗျာဒိတ်ခံတော်မူသည်မှ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဒါန၊ သီလ စသော ပါရမီဆယ်ပါးကို ဖြည့်ကျင့်ခဲ့ရသည်။ အသက်ကိုပင် မငဲ့ကွက်၊ မညှာတာဘဲ စွန့်လွှတ်လှူဒါန်းခဲ့သည်။ ဖြည့်ကျင့်ရာ၌ -

*** ဥစ္စာ၊ သားမယား၊ တိုင်းကား ပြည်ရွာတို့ကို ငဲ့ကွက်၊ ညှာတာမှုမရှိဘဲ စွန့်လွှတ်လှူဒါန်းဖြည့်ကျင့်သည့် ဒါနပါရမီ။**

*** မျက်စိ၊ နား၊ နှာ၊ အင်္ဂါ၊ ခြေ၊ လက်တို့ကို စွန့်လွှတ်လှူဒါန်းသည့် ဒါနဥပပါရမီ။**

နောက်ဆုံး လူသာမန်တို့ မလုပ်နိုင်သည့် အသက်ကိုပင် မငဲ့ကွက်၊ မညှာတာ လှူဒါန်းဖြည့်ကျင့်ရသည့် အလွန်မွန်မြတ်သော ဒါနပရမတ္ထပါရမီ။

ယင်းပါရမီတို့ကို ပြင်းထန်စွာ ဇွဲ၊ မာန်အပြည့်ဖြင့် ဖြည့်ကျင့်ခဲ့သည်။ ဘဝများစွာ ဖြည့်ကျင့်ခဲ့ရသည့် ပါရမီများအနက် ဤဘဒ္ဒကမ္ဘာ၌ပင် ဖြည့်ကျင့်ခဲ့သည့် ပါရမီတို့မှာ မရေမတွက်နိုင်အောင် များပြားလှ၏။ ယင်းတို့မှ ဘဝအချို့၌ ပါရမီဖြည့်ကျင့်ခဲ့ပုံကို ဖော်ပြသွားပါမည်။

**ဒါနပါရမီကို ဖြည့်ကျင့်တော်မူခြင်း**

အလောင်းတော်သည် အကိတ္တိရှင်ရသေ့ဘဝဖြင့် သစ်သီးသစ်ရွက်တို့ကို သုံးဆောင်နေရာ တစ်နေ့တွင် သိကြားမင်းက အလှူခံယောင်ဆောင် အလှူခံခဲ့သဖြင့် အစာမစားဘဲ သုံးရက်တိုင်တိုင် လှူဒါန်းပြီး ဒါနပါရမီ ဖြည့်ကျင့်ခဲ့သည်။

သင်္ခပုဏ္ဏားဘဝ၌ မဟာသမုဒ္ဒရာကို ကူးရန် သဘော်ဆိပ်သို့ ပူပြင်းသည့် သဲသောင်ပြင်ကို ဖြတ်စဉ် ဖိနပ်မပါဘဲကြွလာသော ပစ္စေကဗုဒ္ဓါကို မြင်ရ၍ ၄င်းစီးထားသော ဖိနပ်ကို ချွတ်ကာ လှူဒါန်းခဲ့ပြီး ဒါနပါရမီကို ဖြည့်ခဲ့သည်။

ဓနဉ္စယမည်သော မင်းဘဝ၌ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်နေသော တိုင်းခရိုင်ဇနပုဒ်သားတို့က အလှူခံသဖြင့် မင်္ဂလာဆင်တော်ကို လှူဒါန်းခဲ့သည်။ မှူးမတ်သေနာပတိတို့က ငြူစူကြရာ မင်းကြီးက 'အလှူခံရှိလျှင် မင်္ဂလာဆင်တော်သာမက မင်းစည်းစိမ်ကိုပါ လှူမည်။ သဗ္ဗညုတဉာဏ်တော်ကိုသာ ချစ်ခင်မြတ်နိုးပါသည်'ဟု ပြန်လည်ပြောကြားခဲ့သည်။

ဇမ္ဗူဒိပ်မင်းအားလုံးတို့၏ ပူဇော်ခြင်းခံရသော ဓေဝိန္ဒပုဏ္ဏားကြီးဘဝ၌ တစ်ဦးတစ်ယောက်မှမလုပ်နိုင်သော မဟာသမုဒ္ဒရာနှင့်တူသော ထမင်းရည်ချောင်းစီး အလှူကြီးပေးလှူကာ ဒါနပါရမီဖြည့်ကျင့်ခဲ့သည်။

နိမိမင်းကြီးဘဝ၌ မုခ်လေးခု၌ ဇရပ်လေးဆောင်လုပ်ပြီး သားငှက်တိရစ္ဆာန်နှင့်တကွ လူအပေါင်းတို့အား အဝတ်အထည်၊ အိပ်ရာနေရာ၊ ထမင်း၊ အဖျော်တို့ကို မပြတ်ပေးလှူကာ ဗောဓိဉာဏ်ရင့်သန်စေရန် အားထုတ်ခဲ့သည်။

သိဝိမင်းကြီးဘဝ၌ သိကြားမင်းက ပုဏ္ဏားအိုယောင်ဆောင်၍ မျက်စိတစ်လုံးအလှူခံသည်ကို သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုးသောကြောင့် သိဝိက ဆေးဆရာကို မျက်စိနှစ်လုံးထုတ်စေ၍ လှူဒါန်းကာ ဒါနပါရမီ ဖြည့်ခဲ့သည်။

ဝေဿန္တရာမင်းဘဝ၌ ရတနာဆင်တော်ကို လှူမိ၍ မင်းစည်းစိမ်ကို စွန့်လွှတ်ကာ ဝင်္ကပါတောင်တန်းသို့ ထွက်ခဲ့ရသည့်အပြင် လူသာမန်တို့ ပြုနိုင်ခဲသော သားတော် ဇာလီ၊ သမီးတော် ကဏှာဇိန်နှင့် ဇနီး မဒ္ဒီမိဖုရားတို့ကိုပင် မငဲ့မကွက်လှူဒါန်းကာ ဒါနပါရမီ ဖြည့်ခဲ့ပါသည်။

ယုန်ပညာရှိဘဝ၌မူ 'ငါ့ထံ အလှူခံလာပါက သစ်သီးသစ်ရွက်သာ ပေးစရာရှိ၏။ သူ့အတွက် အကျိုးမရှိနိုင်၊ အလှူခံသူ စိတ်အလိုပြည့်စေရန် ငါ၏ကိုယ်ကို လှူတော့အံ့'ဟု အကြံဖြစ်ခဲ့၏။ ထို အကြံကို သိကြားမင်းသိ၍ စူးစမ်းရန် ပုဏ္ဏားအသွင်ဆောင်ကာ အစာအာဟာရ အလှူခံတော့၏။ ထိုအခါ ယုန်ပညာရှိသည် 'အိုး … ပုဏ္ဏား အကျွန်ုပ်သည် ရှေးအခါက မလှူဖူးသော အလှူကို လှူအံ့၊ သင်သည် သီလနှင့် ပြည့်စုံ၍ သူတစ်ပါးအား ညှဉ်းဆဲမှု မသင့်လျော်။ ထင်းကို ယူ၍ မီးကိုသာ မွှေးပါလော့'ဟု ဆိုသည်။ မီးပုံသည် တောက်လောင်လျက် ဟူးဟူးမြည်၏။ ယုန်ပညာရှိသည် 'အို … ပုဏ္ဏား ကျွန်ုပ်သည် ကျွန်ုပ်၏ ကိုယ်ကို ကျက်စေအံ့။ သင်သည် ကျက်သော အသားကို စားပါလော့'ဟု ဆိုလျက် ကိုယ်ကို ခါကာ မီးပုံတွင်းသို့ ခုန်ဆင်းလေ၏။

ဂေါတမဘုရားအလောင်းတော်၏ ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီတို့ကား ကြက်သီးမွေးညင်းထဖွယ်ဖြစ်ကာ အကြိမ်ကြိမ် ဦးခိုက်အနိုင်းမဲ့ ကြည်ညိုဖွယ်ဖြစ်တော့သည်။ နောင်အခန်းများတွင် သီလပါရမီနှင့် အခြားပါရမီတို့ကို ဆက်လက်ရေးသားသွားပါမည်။

**ကျမ်းကိုး** - ဓမ္မဗိမာန်နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်

**(ဆက်လက်ဖော်ပြပါမည်။)**

ရွှေချမ်း-မန်း

## ဝိဇာတမွေးနေ့မင်္ဂလာနှင့် ရတနာအောင်တံခွန် သုံးထပ်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာကျင်းပ

**မန္တလေး မတ် ၂၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ မဟာသုတသောမရွှေဘုံသာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန မဟာနာယက (မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မာစရိယ)ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တသုမန၏ သက်တော် ၇၀ ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် ရတနာအောင်တံခွန် သုံးထပ်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာ ရေစက်ချ မင်္ဂလာအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီခွဲက "ရတနာအောင်တံခွန်" ကျောင်းတော်ကြီး အပေါ်ထပ်ခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မတ် ၂၇ ရက် နံနက် ၄ နာရီခွဲတွင် ဆရာတော်အမှူးရှိသော ရဟန်း၊ သံဃာ ၅၆ ပါးတို့က ရတနာစိန်စိန်မြ စာချကျောင်းတော်ကြီးတွင် သီတင်းသုံး ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။ ပင့်သံဃာ ၅၆ ပါးတို့အား ရတနာဘုံကျောင်းတော်ကြီး အောက်ထပ်၌ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး သံဃာတော်တို့က ပရိတ်တရားတော် ချီးမြှင့်သည်။ ပင့်သံဃာ ၅၆ ပါးတို့အား တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ်တစ်သိန်းစီ၊ သင်္ကန်းတစ်စုံစီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ "ရတနာအောင်တံခွန်" သုံးထပ်ကျောင်းတော်ကြီးကို မဟာသုတသောမ ရွှေဘုံသာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန မဟာနာယက ဆရာတော်က ငွေကျပ်သိန်း ၃၀၀၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဦးအောင်မြတ် + ဒေါ်ခင်မာအေး (ရတနာမုနိကျောင်းဒါယကာ + ကျောင်းဒါယိကာမ မိသားစု)တို့က ငွေကျပ်သိန်း ၈၀၀၊ မန္တလေး၊ ၃၄ လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြားနေ ဦးဝင်းနိုင် + ဒေါ်အဲရင် (ရတနာအေးကျောင်းဒါယကာ + ကျောင်းဒါယိကာမ မိသားစု)တို့က ငွေကျပ်သိန်း ၁၈၀၀၊ မ,တည်လှူဒါန်း၍ အများကောင်းမှုဖြင့် "ရတနာအောင်တံခွန်" သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီး အောင်မြင်ခြင်းဖြစ်သည်။

ဆက်လက်၍ ဝိဇာတမွေးနေ့မင်္ဂလာနှင့် ရတနာအောင်တံခွန် ကျောင်းတော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပရာ မတ္တရာမြို့ သံဃနာယကဥက္ကဋ္ဌ၊ ကျောက်တံတား ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသ၊ မဟာသုတသောမရွှေဘုံသာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန မဟာနာယက (မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မာစရိယ) ဗုဒ္ဓသာသနာပြုဆရာတော်နှင့် တိုက်တွင်းသံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူရာ အလှူရှင် ကုသိုလ်ရှင်မိသားစုများ၊ ဖိတ်ကြားထားသူများ၊ ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြည်ညို၍ "နမောတဿ" သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ကြပြီး မတ္တရာမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဗုဒ္ဓသာသနာပြုဆရာတော်ထံမှ ပရိသတ်အပေါင်းတို့က သီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် သာမဏေ ၃၂ ပါးတို့အား တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ်ငါးသောင်းစီ၊ သင်္ကန်းတစ်စုံစီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကိုလည်းကောင်း၊ သီလရှင် ၁၀ ပါးတို့အား တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် သုံးသောင်းစီကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၄၃)


## ပြည်တွင်းဈေးကွက်တွင် ပဲကြီးဈေး ကျဆင်းနေ

**မန္တလေး မတ် ၂၉**

ပြည်တွင်းဈေးကွက်တွင် ဝယ်သူများ လျော့နည်းလာမှုကြောင့် ပဲကြီးဈေးနှုန်းများ ယခုရက်သတ္တပတ်အတွင်း ကျဆင်းနေကြောင်း စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ သတင်းရင်းမြစ်များထံမှ သိရသည်။

အထူးသဖြင့် မန္တလေးဈေးကွက်တွင် ပဲကြီးအမျိုးအစားအလိုက် တစ်တန်လျှင် ငွေကျပ်နှစ်သိန်းကျော်မှ ငါးသိန်းကျော်အထိ ဈေးနှုန်းကျဆင်းသွားပြီး ဈေးကွက်အတွင်း ဝယ်ယူသူနည်းပါးလျက်ရှိသည်။

ကုန်သည်များ၏ ပြောကြားချက်အရ လက်ရှိဈေးနှုန်းများအပေါ် မတည်ငြိမ်မှုများ ရှိနေခြင်းနှင့် ဝယ်လိုအား နည်းပါးခြင်းတို့ကြောင့် ဈေးကွက်တွင် အရောင်းအဝယ်နည်းပါးနေသည်ဟု ဆိုသည်။



ထို့အပြင် သိုလှောင်ထားရှိသည့် ပဲကြီးများကို ပြန်လည်ထုတ်ရောင်းမှုများ တိုးလာခြင်းကြောင့် ဈေးကွက်အတွင်း ရောင်းချသူ တိုးလာပြီး ဈေးနှုန်းအတက်ဘက်သို့ ဦးမတည်တော့ဘဲ အကျဘက်သို့ ဦးတည်လာခြင်းဖြစ်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းကျဆင်းနေသော်လည်း ပြည်ပဈေးကွက်တွင် ဝယ်လိုအားရှိနေခြင်းကြောင့် အချိန်နှင့်အမျှ ဈေးနှုန်းပြန်လည်တက်လာနိုင်သည်ဟု ခန့်မှန်းထားကြကြောင်း သိရသည်။

(ဝဲပုံ) (မန္တလေးနေ့စဉ်-စ)

## ရွှေစက်တော်ဘုရားပွဲရာသီ၌ ဒေသထွက်ပစ္စည်းများရောင်းချသည့် ဈေးသည်များ ရောင်းအားကောင်းလာ

**မင်းဘူး မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားပွဲရာသီတွင် ဒေသထွက်ပစ္စည်းများနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများ ရောင်းချသည့် ဈေးသည်များ ရောင်းအားကောင်းလျက်ရှိကြောင်း မင်းဘူးမြို့ ဘုရားဈေးဆိုင်တန်းရှိ ဒေသခံဈေးသည်များထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်တွင် တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများ၊ လေ့လာလည်ပတ်စရာ နေရာအများအပြားရှိသည့်အပြင် ဒေသထွက်ပစ္စည်းများပါ ပေါများလှသဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် လာရောက်အပန်းဖြေလေ့လာသူများသည် ရွှေစက်တော်ဘုရားပွဲတော် ရာသီဖြစ်သော တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ဘုရားပွဲတော်ရာသီတွင် အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူသွားနိုင်ရန် ရောင်းချပေးလျက်ရှိသည်။

ယခုအချိန်တွင် ဘုရားပွဲတော်ရာသီဖြစ်၍ ဘုရားဖူးများလည်း စည်ကားလှသည့်အတွက် ဈေးသည်များ ရောင်းအားကောင်းကာ မင်းဘူး(စကု)မြို့နယ်၏ ဒေသထွက်ကုန်ပစ္စည်းများဖြစ်သော ပဲပွကြော်၊ ပဲရှကြော်၊ ပါပလာ၊ လယ်ကိုင်းမရွေး၊ သစ်ဥ၊ သစ်ဖု၊ ဆေးမြစ်များ၊ ဝက်မြေဥနှင့် သနပ်ခါးတုံးများ၊ ချင်းရိုးရာအသုံးအဆောင်ပစ္စည်းများ၊ ရွှေစက်တော်အမှတ်တရ ချည်ထည်အင်္ကျီများနှင့် ရွာသာယာကျေးရွာထွက် အတာကြိုအိုးအမျိုးမျိုးကိုလည်း ရောင်းချပေးလျက်ရှိပြီး ရောင်းအားအလွန်ကောင်းလျက်ရှိကြောင်း မင်းဘူးမြို့ နဂါးပွက်တောင် ဈေးဆိုင်တန်းမှ ဒေသခံဈေးသည် မလှလှအေးထံမှ သိရသည်။

(အောက်ပုံ)

(၅၀၄)

✱-✱-✱-✱-✱



သင့်ကျန်းမာရေးအတွက်
နေ့စဉ်လမ်းလျှောက်ပါ။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ကျိုင်းတုံ မတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင် မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဇော်ထွန်းက အမှာစကားပြောကြားခဲ့ပြီး ကျိုင်းတုံခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်က မီးဘေးအန္တရာယ် ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများ၊ မီးလောင်မှုဖြစ်ပေါ်လာပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းလမ်းများ စနစ်တကျရှိရေးအပြင် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်နှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ကြေညာချက်များအား လိုက်နာကြရန်အတွက် အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ ကျိုင်းတုံခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် မြန်မာ့ဆက်သွယ်ရေးရုံးဝင်းအတွင်းရှိ အဆောက်အအုံများ၌ လျှပ်စစ်မီးကြိုးများ စနစ်တကျ သွယ်တန်းထားရှိ၊ မရှိ၊ မီးသတ်ရေလှောင်များ၊ မီးသတ်စက်များနှင့် မီးသတ်ဆေးဘူးများ ထားရှိမှုများအား စစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၅၇)



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေ

**ကံမ မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်)လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။ (အောက်ပုံ)

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို အပတ်စဉ် ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ **ဇော်ထက်(သရက်)**



# ဦးတင်မောင်ထွန်း(ကန်ထရိုက်တာ)နှင့်တကွ အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၁၈/၁၉)ရှိ မြေကွက်နှင့် အဆောက်အအုံပိုင်ရှင်ဖြစ်သူ ဒေါ်လုံ(ဘ) ဦးအောင်ဒွန်း(၉/မရတ(နိုင်)၀၆၇၇၁၉)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အတိအလင်းသတိပေးကြော်ငြာအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေ မြေပိုင်ရှင် ဒေါ်လုံနှင့် ငွေကြေးစိုက်ထုတ်၍ တာဝန်ခံလုပ်ငန်းဆောင်ရွက်သူ(ကန်ထရိုက်တာ)ဦးတင်မောင်ထွန်း(ဘ)ဦးကျော်ဝင်း(၁၂/ဆကခ(နိုင်)၀၁၄၂၅၁)တို့သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်တွင် ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော အထက်ပါ မြေကွက်ပေါ်၌ (၂)ခန်းတွဲ အာရ်စီ(၆)ထပ်တိုက်အသစ်ဆောက်လုပ်ရန်အတွက် 'လုပ်ငန်းအပ်နှံခြင်း ကတိစာချုပ်'ကို နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါ စာချုပ်အပိုဒ်(၉)အရ ကန်ထရိုက်တာ ဦးတင်မောင်ထွန်းသည် အိမ်ဆောက်မိန့်ကျသည့်ရက်မှစ၍ (၁၂)လအတွင်း အဆောက်အအုံအား ပြီးစီးအောင် တာဝန်ယူဆောက်လုပ်ပေးရမည်ဟု အတိအလင်း ဝန်ခံကတိပြုထားပါသည်။

၂။ ယခုအခါတွင် ကန်ထရိုက်တာ ဦးတင်မောင်ထွန်းသည် စာချုပ်ပါ သတ်မှတ်ကာလ(၁၂)လထက် များစွာကျော်လွန်ခဲ့ပြီဖြစ်သော်လည်း အဆောက်အအုံအား အပြီးသတ်တည်ဆောက်၍ ကျွန်ုပ်မိတ်ဆွေထံ လက်ရောက်အပ်နှံနိုင်ခြင်း လုံးဝမရှိဘဲ လုပ်ငန်းခွင်အား ပစ်ထားကာ ကတိစာချုပ်ပါ တာဝန်ဝတ္တရားများကို ပြောင်ပြောင်တင်းတင်း ဖောက်ဖျက်ကျူးလွန်လျက်ရှိပါသည်။

၃။ ပဋိညာဉ်အက်ဥပဒေ(The Contract Act)၏ အခြေခံမူလသဘောတရားအရ ဤကဲ့သို့သော ဆောက်လုပ်ရေးကန်ထရိုက်စာချုပ်များတွင် '**အချိန်ကာလသည် ပဋိညာဉ်၏ အဓိကအသက်သွေးကြော**'ဖြစ်ပါသည်။ ဦးတင်မောင်ထွန်း၏ တာဝန်မဲ့စွာ အချိန်ဆွဲကြန့်ကြာမှုများကြောင့် မြေပိုင်ရှင်တွင် ကြီးမားသော စီးပွားရေး အခွင့်အလမ်းဆုံးရှုံးမှုနှင့် ငွေကြေးဖောင်းပွမှုအရ ကာလတန်ဖိုးဆုံးရှုံးမှုများ အလွန်အမင်းဖြစ်ပေါ်ခဲ့ရပါသည်။ သို့ဖြစ်ရာ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အောက်ပါအတိုင်း ဥပဒေအရ တောင်းဆိုလိုက်သည်-

(က) လစဉ်ကာလတန်ဖိုး ငှားရမ်းခပေးလျော်ရန်- စာချုပ်အပိုဒ်(၁၉)တွင် 'အာရ်စီ(၆)ထပ်အဆောက်အအုံအား သတ်မှတ်ကာလအတွင်း ပြီးဆုံးအောင် ဆောက်လုပ်နိုင်ခြင်းမရှိဘဲ မြေရှင်သို့အပ်နှံနိုင်ခြင်းမရှိပါက မြေရှင်အား လစဉ်ကာလတန်ဖိုးငှားရမ်းခကို ကန်ထရိုက်တာမှ ပေးလျော်ရမည်'ဟု အတိအလင်း ပြဋ္ဌာန်းထားသည့်အတိုင်း ကြန့်ကြာနေသော လများအားလုံးအတွက် လက်ရှိကာလပေါက်ဈေးဖြင့် တွက်ချက်ထားသော ငှားရမ်းခများကို ပေးလျော်ရမည်။

(ခ) နစ်နာမှု၏ ၃ ဆ ပေးလျော်ရန်- စာချုပ်အပိုဒ်(၁၈)တွင် 'စည်းကမ်းချက်များကို ဖောက်ဖျက်သူမှ ဖောက်ဖျက်ခြင်းခံရသူ(နစ်နာသူ)အား ကုန်ကျစရိတ်အားလုံး၏ (၃)ဆကို တစ်ပေါင်းတည်းပေးရမည်' ဟု နှစ်ဦးသဘောတူဝန်ခံထားသည့်အတိုင်း မြေပိုင်ရှင်၏ ဆုံးရှုံးနစ်နာမှုအားလုံး၏ ၃ ဆတိတိကို လျော်ကြေးအဖြစ် ပေးလျော်ရမည်။

၄။ ကန်ထရိုက်တာ ဦးတင်မောင်ထွန်း၏ အထက်ဖော်ပြပါ အခြေခံကျသော ပျက်ကွက်မှုများကြောင့် ယနေ့မှစ၍ (၁၁-၂-၂၀၂၃)ရက်စွဲပါ 'လုပ်ငန်းအပ်နှံခြင်း ကတိစာချုပ်'အား မြေပိုင်ရှင်ဘက်မှ ဥပဒေနှင့်အညီ အပြီးအပိုင် ရပ်စဲဖျက်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။ ဦးတင်မောင်ထွန်းသည် ယင်းအဆောက်အအုံ၊ မြေကွက်၊ တိုက်ခန်းများနှင့်ပတ်သက်၍ ဆက်လက်တည်ဆောက်ခွင့်၊ စီမံခန့်ခွဲခွင့်၊ ရောင်းချခွင့်၊ ကိုယ်စားပြုခွင့် လုံးဝ(လုံးဝ)မရှိတော့ပါ။ ဦးတင်မောင်ထွန်းထံမှ ဝယ်ယူထားသော တိုက်ခန်းများ(ရှိခဲ့ပါက)နှင့်ပတ်သက်၍လည်း ၄င်းနှင့်သာ ဆက်လက်ရင်ဆိုင်ဖြေရှင်းကြရန် ဖြစ်ပါသည်။

၅။ ထို့ကြောင့် အများပြည်သူများ၊ အိမ်ခြံမြေအကျိုးဆောင်များ၊ အခြားကန်ထရိုက်တာများနှင့် လုပ်ငန်းရှင်များအနေဖြင့် ဦးတင်မောင်ထွန်းနှင့်ဖြစ်စေ၊ ၄င်း၏ ကိုယ်စားလှယ်များနှင့်ဖြစ်စေ အဆိုပါ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၁၈/၁၉)ရှိ မြေနှင့်အဆောက်အအုံတိုက်ခန်းများနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်း၊ စရန်ငွေပေးချေခြင်း၊ လွှဲပြောင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ လုံးဝ(လုံးဝ)မပြုလုပ်ကြပါရန် လေးနက်စွာ သတိပေးအပ်ပါသည်။

ဤကြော်ငြာချက်ကို လျစ်လျူရှု၍ ဝင်ရောက်စွက်ဖက်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပြီး ကန်ထရိုက်တာ ဦးတင်မောင်ထွန်း အနေဖြင့်လည်း မြေပိုင်ရှင်၏ နစ်နာမှုများအတွက် လျော်ကြေးပေးရန် ပျက်ကွက်ပါက တရားမကြောင်းအရ နစ်နာကြေးနှင့် လျော်ကြေးရလိုမှု (Suit for Damages for Breach of Contract)ဖြင့် တရားစွဲဆိုသွားမည့်အပြင် သူတစ်ပါးပိုင်ဆိုင်မှုအပေါ် ထိခိုက်နစ်နာစေရန် မသမာသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်မှုများ၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုများအတွက်ပါ တည်ဆဲဥပဒေများနှင့်အညီ အပြင်းထန်ဆုံး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အတိအလင်း သတိပေးကြော်ငြာလိုက်သည်။

**လွှဲအပ်ချက်အရ**

**ဒေါ်ခင်နီနီစိုး(LL.B)(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029**

**Lady lawyer.Khinninisoe@gmail.com**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၈)၊ ဦးပိုင်အမှတ်(၁၀၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ချိုအေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးငွေအောင်(ဘ)ဦးသိန်းရှန်(၁၂/ရကန(နိုင်)၀၈၇၀၉၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➢ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ အကွက်အမှတ်(၄၉၈)၊ ဦးပိုင်အမှတ်(၅၁/၁၃၆)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၁၁)ဧက အကျယ်အဝန်းရှိ ဦးတင်ဇော် အမည်ပေါက် ဂရန်မြေကွက်၏ အလယ်အစိတ်အပိုင်း(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ချမ်းမြတ်ဝေခိုင်ကျော်(ဘ)ဦးကျော်မြတ်သင်း(၉/အမဇ(နိုင်)၀၀၈၈၇၂) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်မြတ်စုမွန်(ခ)မဖြူ (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ)**

**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၇၉၇၇၉၈၃၅၇၊ ၀၉-၂၅၉၀၉၀၄၃၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၈၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်စိုးစံ အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂရန်အမည်ပေါက် ပိုင်ဆိုင်ထားသူဖြစ်ကြ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်စိုးစံ(ဘ)ဦးရန်ရှီကွမ်း(၉/မရမ(နိုင်)၀၉၁၆၃၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊**

**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့။**

၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃၊ ၀၉–၇၅၀၇၅၀၀၇၄

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၉)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမြသောင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်ဝေဝေသန်း(ဘ) ဦးမြင့်သန်း(၁/ဗမန(နိုင်)၀၈၁၉၈၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊**

**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့။**

၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃၊ ၀၉–၇၅၀၇၅၀၀၇၄

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၁)၊ ဦးပိုင်နံပါတ်(၁၃)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးထွန်းကြိုင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက်တောင်ဘက်ခြမ်း(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကံထွန်း(ဘ)ဦးချော(၅/ဝလန(နိုင်)၀၁၁၂၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၄)၊ ဦးပိုင်နံပါတ်(၇၁)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးညိုအေး အမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးနှင့်ကပ်လျက်မြောက်ဘက်ပိုင်း (၁၅ပေ× ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဌေးလွင်(ဘ)ဦးထွန်းမြဲ(၉/မရတ(နိုင်)၀၇၉၉၄၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## ကုန်အမှတ်တံဆိပ် သတိပေး ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၅လမ်းနှင့်၁၀၆လမ်းကြား၊ ၆၇လမ်းနှင့်၆၈လမ်းကြားနေ **ဦးဟန်သူဟိန်း(ဘ)ဦးစိုင်းသီဟ(၉ /ခအဇ(နိုင်)၀၅၉၀၆၄)၊ ဦးကောင်းဆက်ကျော်(ဘ)ဦးဝေအောင်(၉ /မဟမ(နိုင်)၀၆၁၆၂၆)နှင့် ဦးလင်းရောင်မှူး(ဘ)ဦးစိုင်းအောင်ကျော်သန်း(၉ /အမဇ(နိုင်)၀၈၀၃၄၃)**တို့မှ **“AESTHETIC ROUNDED CORE”** အမည်ရှိ အမှတ်တံဆိပ်ကို မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင် ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၃၁၂/၂၀၂၆)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီး အဝတ်အထည်နှင့် ချည်ထည်အမျိုးမျိုး ဖြန့်ချိရေးလုပ်ငန်း ဖြန့်ဖြူးရောင်းချခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

AESTHETIC ROUNDED CORE

အဝတ်အထည် နှင့် ချည်ထည်အမျိုးမျိုးဖြန့်ချိရေးလုပ်ငန်း

အထက်ပါ အမည်အမှတ်တံဆိပ် **“AESTHETIC ROUNDED CORE”** အမည်အမှတ်အသားဖြင့် အဝတ်အထည်နှင့် ချည်ထည်အမျိုးမျိုးဖြန့်ချိရေးလုပ်ငန်းတို့ကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၅လမ်းနှင့်၁၀၆လမ်းကြား၊ ၆၇လမ်း နှင့်၆၈လမ်းကြားတွင် ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အမည်အမှတ်တံဆိပ်ကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူပုံးတ်၊ စက္ကူဘူး၊ ပါဆယ်ထုပ်များနှင့်ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းပေါ်တွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်၊ ရေဒီယို၊ အင်တာနက်၊ Facebook, WebSite, Internet, Telegram, Instagram, TikTok အစရှိသည့် လူမှုကွန်ရက်များ အစရှိသည်တို့အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ဖိနှိပ်၍၊ ကပ်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ကြော်ငြာသွားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် **“AESTHETIC ROUNDED CORE”** ဆိုင်ခွဲများလည်း ဖွင့်လှစ်၍ လုပ်ကိုင်သွား မည်ဖြစ်ပါသည်။

သို့ပါ၍ အမည်အမှတ်တံဆိပ် အမည်အမှတ်အသားကို အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပသုံးစွဲခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်းတွေ့ရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၁။ဦးဟန်သူဟိန်း(ဘ)ဦးစိုင်းသီဟ (၉ /ခအဇ(နိုင်)၀၅၉၀၆၄)**

**၂။ဦးကောင်းဆက်ကျော်(ဘ)ဦးဝေအောင် (၉ /မဟမ(နိုင်)၀၆၁၆၂၆)**

**၃။ဦးလင်းရောင်မှူး(ဘ)ဦးစိုင်းအောင်ကျော်သန်း (၉ /အမဇ(နိုင်)၀၈၀၃၄၃)**

**၆၇လမ်းနှင့်၆၈လမ်းကြား၊ ၁၀၅လမ်းနှင့်၁၀၆လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးထက်ဝေအောင်(ဘ)ဦးမောင်ကို(၉/ခမစ(နိုင်)၀၃၂၁၁၈)နှင့် ဒေါ်အေးဖြိုးမင်း(ဘ)ဦးအောင်ကျော်မင်း(၉/ပကခ(နိုင်)၀၂၅၂၉၈)တို့သည် (၈-၃-၂၀၂၆)ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ မိမိတို့၏လွတ်လပ်သော သဘောဆန္ဒဖြင့် နှစ်ဦးသဘောတူကွာရှင်းကတိစာချုပ်၊ ဝန်ခံကတိစာချုပ်တို့ကို လက်မှတ်ရေးထိုး၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင်လည်း တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးထက်ဝေအောင်နှင့် ဒေါ်အေးဖြိုးမင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ညိုညိုထွန်း(အထက်တန်းရှေ့နေ/စဉ်–၅၂၉၂၀)**

**ဖုန်း ၀၉–၅၃၈၈၁၈၄**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊(ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၇၈)၊ ဦးပိုင်အမှတ်(၄၆)၊ မြေကွက်ပေါ်တွင် ဦးကျော်လင်းဦး(ပါ-၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/မရန(နိုင်)၁၅၅၀၄၀)က SS(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၁၈)၊ ဦးပိုင်အမှတ်(၆၉)၊ မြေကွက်ပေါ်တွင် ဒေါ်အိအိထွေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပကခ(နိုင်)၀၂၅၄၁၄)က SS(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ဦးပိုင်အမှတ်(၁၂)၊မြေကွက်ပေါ်တွင် ဒေါ်အိအိဖြိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၈၃၉၀၄)က SS(၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဆ)ရပ်ကွက်၊အကွက်အမှတ်(ဒဒ-၁၁)၊ ဦးပိုင်အမှတ်(၄၉)၊ မြေကွက်ပေါ်တွင် ဒေါ်သန္တာအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပကခ(နိုင်)၀၆၇၅၅၉)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်...

❖ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးအထူးအလေးပေး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ပြုလုပ်သော မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၊ မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျုံးပတ်လည်တစ်လျှောက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မန္တလေး မတ် ၂၉**

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်တွင် "မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်"ကို မန္တလေးမြို့ ကျုံးပတ်လည်၌ ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထိုသို့ ကျင်းပရာတွင် ကျုံးအရှေ့ဘက်ခြမ်းဖြစ်သည့် ၆၆ လမ်းတွင် မဏ္ဍပ်အကြီး ငါးခု၊ အသေး လေးခု၊ အဓိကကျသည့် ကျုံးတောင်ဘက်ခြမ်းဖြစ်သည့် ၂၆ လမ်းတွင် ဗဟိုမဏ္ဍပ်ကြီးအပါအဝင် မဏ္ဍပ်အကြီး ခြောက်ခု၊ မဏ္ဍပ်အသေး (၁၃)ခု၊ ကျုံးအနောက်ဘက်ခြမ်းတွင် ဈေးချိုသူမဏ္ဍပ်အပါအဝင် မဏ္ဍပ်အကြီး သုံးခု၊ မဏ္ဍပ်အသေး ခုနစ်ခု၊ ကျုံးမြောက်ဘက်ခြမ်းတွင် မဏ္ဍပ်အကြီး သုံးခု၊ မဏ္ဍပ်အသေး လေးခုတို့ဖြင့် ကျုံးပတ်လည်တွင် မဏ္ဍပ်အကြီး (၁၇)ခု၊ မဏ္ဍပ်အသေး (၂၈)ခု၊ စုစုပေါင်း (၄၅) ခု ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

"ဒီမဏ္ဍပ်တွေအပြင် ၇၃ လမ်းမှာရှိတဲ့ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်ကိုလည်း ဆင်နွှဲကြမှာဖြစ်ပါတယ်။ အဲဒီမှာလည်း သနပ်ခါးမဏ္ဍပ်တွေ၊ ပန်းအလှမဏ္ဍပ်တွေ စသဖြင့် နေရာအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ လမ်းလျှောက်သင်္ကြန်ကို ဆောင်ရွက်တာက ပြည်သူလူထုအနေနဲ့ ကျုံးပတ်လည်မှာ လမ်းလျှောက်ရေကစားရင်းနဲ့ မဏ္ဍပ်တွေအလိုက် ဖျော်ဖြေရေးတွေနဲ့ စတုဒိသာအစီအစဉ်တွေကို ပါဝင်ဆင်နွှဲနိုင်ဖို့ ဖြစ်ပါတယ်" ဟု ပြောသည်။

လက်ရှိတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို တည်ဆောက်နေပြီး ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ မဏ္ဍပ်ဒီဇိုင်းများကို ယခင်နှစ်များနှင့်မတူ ထူးခြားစွာဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ တည်ဆောက်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"မဏ္ဍပ်ဖွင့်ပွဲကို သင်္ကြန်အကြိုနေ့ ညနေပိုင်းမှာ ကျင်းပမှာဖြစ်ပြီး ပိတ်ပွဲကို သင်္ကြန်အတက်နေ့ ညနေခင်းပိုင်းမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဖွင့်ပွဲကိုလည်း ကျောင်းသူ အင်အား ၅၀၀ နဲ့ လှပျိုဖြူ အင်အား ၄၀၀၊ စုစုပေါင်း အင်အား ၉၀၀နဲ့ အခမ်းအနားကို ခမ်းနားထည်ဝါစွာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပြီး ယိမ်းအကအလှအဖွဲ့က မြို့မငွေငန်းနဲ့ ဖြတ်သန်းပြီး ပြည်သူတွေကို ဂါရဝပြုမယ့် အစီအစဉ်လည်းရှိပြီး နိုင်ငံကျော်အဆိုတော်တွေရဲ့ သီဆိုဖျော်ဖြေမှု၊ မြန်မာ့ဆိုင်းဝိုင်းအဖွဲ့ရဲ့ ဖျော်ဖြေမှုတွေလည်းပါဝင်ပါတယ်။ ယိမ်းအကပြိုင်ပွဲတွေလည်း ထည့်သွင်းထားပြီး ဆုတွေကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယခုနှစ်တွင် ထူးခြားသည့် အစီအစဉ်အနေဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုသည့် တိုင်းရင်းသား(၈)မျိုး၏ မဏ္ဍပ်ကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး တိုင်းရင်းသားရိုးရာအကအလှများ၊ တိုင်းရင်းသားရိုးရာအစားအစာ စတုဒိသာကျွေးမွေးသည့် အစီအစဉ်များလည်း ဆောင်ရွက်ထားသည့်အတွက် ရိုးရာအစားအစာများကို နှစ်သက်သည့် ပြည်သူများအနေဖြင့် သင်္ကြန်ပွဲတော်ကို ဆင်နွှဲရင်း ဝင်ရောက်သုံးဆောင်နိုင်မည်ဖြစ်သည်။


ထို့ပြင် ယခုနှစ် မန္တလေးသင်္ကြန်၌ ပြည်သူများ ရေလုံလောက်စွာ ပက်ဖျန်းကစားနိုင်မည့်အပြင် စွမ်းအင်ချွေတာနိုင်မည့် အစီအစဉ်တစ်ရပ်အဖြစ် ဆိုလာစနစ်ဖြင့် မော်တာများ မောင်းနှင်ကာ ရေတင်မည့်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်းနှင့် ကျုံးပတ်လည်တစ်လျှောက်တွင် မည်သည့်မော်တော်ယာဉ်မျှ ဝင်ရောက်နိုင်မည်မဟုတ်တဲ့ လမ်းလျှောက်သင်္ကြန်အနေဖြင့် သာ ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ယခင်နှစ်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သင်္ကြန်ပွဲတော်ကို မဆင်နွှဲခဲ့ရသဖြင့် ယခုနှစ်တွင် ပြုလုပ်မည့် သင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် ခမ်းနားထည်ဝါစွာ စီစဉ်ဆောင်ရွက်ထားကြောင်း၊ အဓိကအားဖြင့် ကျုံးပတ်လည်တစ်လျှောက်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျင်းပ၍ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားခြင်းအပြင် ဖျော်ဖြေရေးအစီအစဉ်များအား ကြည့်ရှုခံစားရင်း စတုဒိသာမဏ္ဍပ်များ၌ တပျော်တပါးဝင်ရောက်ဆင်နွှဲနိုင်စေရန် စီစဉ်ဆောင်ရွက်ထားသည့်အတွက် မန္တလေးသင်္ကြန်ပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်သူပြည်သူများ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)



# အမျိုးသမီးစူပါလိဂ်ဖလား ချန်ပီယံဆုကို ဆွတ်ခူးရန် မန်စီးတီးအသင်း ရေပန်းစား



**လန်ဒန် မတ် ၂၉**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးစူပါလိဂ်ဖလား ချန်ပီယံဆုကို ဆွတ်ခူးရန် မန်စီးတီးအသင်းက ရေပန်းစားလျက်ရှိသည်။

မန်စီးတီးအသင်းသည် အမျိုးသမီးစူပါလိဂ်ဖလားပြိုင်ပွဲ ပွဲစဉ် (၁၉)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၄၉မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်နေပြီး အဆင့်(၂)နေရာမှ ချဲလ်ဆီးအသင်းကို ၉ မှတ်အထိဖြတ်ထားကာ ချန်ပီယံဆုကို ဆွတ်ခူးရန် ရေပန်းစားလာခြင်းဖြစ်သည်။

ထို့ပြင် မန်စီးတီးအသင်းသည် ယခု အမျိုးသမီးစူပါလိဂ်ဖလားအပြင် အမျိုးသမီးအက်ဖ်အေဖလား ချန်ပီယံဆုကိုလည်း ဆွတ်ခူးရန်အတွက် ရေပန်းစားနေသည်။

မန်စီးတီးအမျိုးသမီးအသင်းနည်းပြ ဂျက်ဂလာ့စ်က "ယခုနှစ် အသင်းကစားသမားတွေရဲ့ ခြေစွမ်းကို အလွန်အားရမိပါတယ်။ အသင်းအနေနဲ့ နောက်လာမယ့် ပွဲစဉ်တိုင်းကိုလည်း အနိုင်ရရှိအောင်ကြိုးစားပြီး အခုရေပန်းစားနေတဲ့အတိုင်း အမျိုးသမီးစူပါလိဂ်ဖလား ချန်ပီယံဆုကြီးကို ရယူသိမ်းပိုက်သွားမှာပါ" ဟု ပြောသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးစူပါလိဂ်ဖလား ပွဲစဉ်(၂၀)အဖြစ် မန်စီးတီးအသင်းသည် လာမည့် ဧပြီ ၂၅ ရက်တွင် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀